# စိတ်မထိန်းနိုင်သောတာဒဂ်
# နှင့်တိုးရစ်လောကကြားသမျှ
## ခရီးသွားဆောင်းပါးများ

**သရဝဏ်(မြည်)**



# စိတ်မထိန်းနိုင်သော တဒင်္ဂ

အ ဖြစ်အပျက်က မန္တလေးမှာ ပင် ဖြစ်သည်။ ထိုစဉ်က ကျွန်တော် သည် ဩစတေးလျနေည့်သည်လင်မယားဖြင့် မန္တလေးရှိ ဟိုတယ်ကြီးတစ်ခုတွင် တည်းခိုနေသည်။ ဟိုတယ်အမည် ကိုတော့ အားနာသဖြင့် မဖော်ပြတော့ပါ။ ဧည့်သည် တိုးရစ်အမည် ကတော့ Mr. Glen Steven ဖြစ်ပါသည်။

အခင်း ဖြစ်သည့်နေ့က ကျွန်တော် တို့သည် မန္တလေး ( ) ဟိုတယ်မှ နံနက်စောစော ငါးနာရီခွဲခန့်တွင် Check Out ထွက်လာခဲ့ပါသည်။ ကျွန်တော် တို့ ခရီးစဉ်မှာ မန္တလေးမှ မန္တလေးမှ ရန်ကုန်သို့ နံနက် (၇း၅၀) နာရီ ထွက်သော လေယာဉ်စီးရန် လေဆိပ်သို့ (၆း၅၀) နာရီအရောက် သွားကြရန် ဖြစ်သည်။ မန္တလေးမြို့ မှ တံတားဦးလေဆိပ်သို့ ကားမောင်းချိန် တစ်နာရီခန့် ကြာမြင့်သဖြင့် နံနက်စောစော ထွက်လာခဲ့ခြင်း ဖြစ်သည်။

ကျွန်တော် တို့ ကားလေးသည် ဟိုတယ်မှ ထွက်ခွာလာပြီး ၇၈လမ်းသို့ မကွေ့မီမှာ ပင် ဧည့်သည် ဖြစ်သူ မစ္စတာစတီဗင်က -

“ညီညီ၊ ဟိုတယ်ကို ကားပြန်မောင်းပေးပါ၊ ငါ့အခန်းထဲမှာ ပိုက်ဆံအိတ် ကျန်ခဲ့လို့” ဟု ပြောပါသည်။

ဟိုတယ်မှ ထွက်လာခဲ့သည်မှာ ဆယ်မိနစ်ခန့်ပဲ ရှိပါဦးမည် ။ ကျွန်တော် ကလည်း ချက်ချင်း ပင် ကားကို ဟိုတယ်သို့ ပြန်မောင်းခိုင်းပါသည်။ ဟိုတယ်ဝန်ထမ်းများ သည် ကျွန်တော် တို့ ပြန်လာသည်ကို မြင်တော့ အံ့ဩနေကြသည်။

“ဘာအလိုရှိလို့ ပြန်လာပါသလဲ”

“အခန်းသော့ ပေးပါ၊ အခန်းထဲမှာ ပစ္စည်းတစ်ခု ကျန်ခဲ့လို့ပါ”

ဧည့်ကြိုဌာနက အခန်းသော့ ထုတ်ပေးသည်။ ဧည့်သည် လင်မယားနှစ်ယောက် နှင့် အတူ ကျွန်တော် ပါ သူတို့အခန်းထဲ လိုက်သွားသည်။ အခန်းထဲရောက်သည်နှင့် နိုင်ငံခြားသားကြီးသည် စားပွဲခုံပေါ်သို့ တစ်ချက် ကြည့်လိုက်ကာ -

"မရှိတော့ဘူး၊ ငါ ထားခဲ့တဲ့ ပိုက်ဆံအိတ် မရှိတော့ဘူး"

ဟု အပ်ချမတ်ချ ဆိုလေသည်။

ကျွန်တော် မှာ နိုင်ငံခြားသားများ ပိုက်ဆံပျောက်မှု နှင့် ပတ်သက်၍ ကြုံဖူးပေါင်း များ လှသဖြင့် သူ ပြောတိုင်း မယုံကြည်နိုင်ဘဲ -

"ခင်ဗျား ပိုက်ဆံအိတ် ဒီအခန်းထဲမှာ ကျန်ခဲ့တာ သေချာရဲ့လား။ အထဲမှာ ပိုက်ဆံ ဘယ်လောက်ပါသလဲ၊ သေသေချာချာ ရှာပါဦး"

ဟု သတိပေးလိုက်သည်။

"သေချာတယ်၊ ဒီစားပွဲပေါ်မှာ သေသေချာချာ တင်ထားတာ ပိုက်ဆံ ကတော့ ဒေါ်လာသုံးရာ ပါတယ်"

နိုင်ငံခြားသား မစ္စတာစတီဗင်ကလည်း တိတိကျကျ ပြန်ပြောပေသည်။ ထိုအခါ ဟိုတယ်မန်နေဂျာက ဧည့်သည် ထွက်သွားပြီးနောက် အခန်းထဲသို့ဝင်ကာ တာဝန်အရ ရှင်းလင်းကြသော ဝန်ထမ်းနှစ် ယောက် ကို ခေါ်ပေးသည်။

"လူကြီးမင်းတို့ ထွက်သွားပြီး အခန်းထဲကို ထုံးစံအတိုင်း ဝင်ရှင်းကြပါတယ်။ ဝင်တာ ကတော့ နှစ် ယောက် ပါ။ ဟိုတယ် စည်းကမ်းအရ တစ်ယောက် တည်း မဝင်ခိုင်းပါဘူး။ အခုလို အပျောက်အရှ ဖြစ်ခဲ့ရင် သက်သေမကင်း မ ဖြစ်အောင်လို့ပါ။ သူတို့ကို မေးကြည့်ပေးပါဦးမယ်"

မကြာမီ ဟိုတယ်ဝန်ထမ်း နှစ် ယောက် ရောက်လာသည်။ တစ်ယောက် က အသက် ၂၀ ခန့် လူငယ် တစ်ယောက် ။ နောက် တစ်ယောက် က အသက် ၃၀ ခန့် လူလတ်ပိုင်း တစ်ယောက် ။

"ဧည့်သည် ထွက်သွားပြီး အခန်းထဲဝင်တာ ကျွန်တော် တို့ပါပဲ။ ဘာများ ပြဿနာရှိလို့လဲ"

လူလတ်ပိုင်း ဝန်ထမ်းက ပြေလည်စွာ မေးမြန်းသည်။ ကျွန်တော် က

ဖြစ်ပျက်ပုံကို အကျဉ်းချုံး ပြောပြလိုက်သည်။

"ဧည့်သည် ကတော့ ပိုက်ဆံအိတ် ဒီစားပွဲပေါ်မှာ ကျန်ခဲ့တယ်လို့ အသေအချာ ပြောနေပါတယ်။ သူပြောတာ သေချာပေါက် မှန်ရမယ်လို့တော့ ကျွန်တော် မဆိုလိုပါဘူး ဒါပေမဲ့ သူပြောတာသာ မှန်ခဲ့ရင် ဒီအခန်းထဲကို ဝင်တော့ ခင်ဗျားတို့ တစ်ခုခုများ မတွေ့မိဘူးလား"

ဝန်ထမ်း နှစ် ယောက် လုံးက သူတို့ဘာမှ မတွေ့ရကြောင်း တွေ့လျှင် ဟိုတယ်စည်းကမ်းအရ မန်နေဂျာထံ အပ်နှံရမည် ဖြစ်ကြောင်း ပြောပြကြသည်။

ထိုအတိုင်း ကျွန်တော် က မစ္စတာဂလန်းစတီဗင်အား ပြောပြရာ မစ္စတာ စတီဗင်က -

"သူတို့ လိမ်နေတာ" ဟု ပြောပါသည်။

ကျွန်တော့်မှာ လည်း ကြံရာမရတော့ပေ။ လေယာဉ်ကွင်းသို့ သွားရမည် အချိန်မှာ လည်း ကပ်နေပြီ ဖြစ်၍ ဤပြဿနာကို ဖြေရှင်းရန် အချိန်အကြာကြီးမရပေ။ ပြဿနာကို ပြေပြေလည်လည် ပြီးသွားစေချင်သော သဘောဖြင့် ကျွန်တော် က ဟိုတယ်ဝန်ထမ်းနှစ် ဦးကို တစ်ဦးစီ ခေါ်၍ နှစ် ကိုယ်ကြားစကားဖြင့် -

"ကဲ ... ခင်ဗျားတို့ကို စွပ်စွဲတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ယူထားမိခဲ့လို့ရှိရင် အခုနေ ကျွန်တော် ခင်ဗျားတို့ကို ပြဿနာမတက်အောင် ကျွန်တော် ဖုံးဖုံးဖိဖိ လုပ်ပေးမယ်"

ဟု မျက်နှာပူပူဖြင့် စွတ်၍ ဖြန်းသန်းပြောလိုက်မိသည်။ နှစ် ယောက် စလုံးကပင် အကျောက်အကန် ငြင်းသည်။

"မယူပါဘူးဗျာ၊ တကယ် ပြောတာပါ"

"ကဲ . . . ဒါဖြင့် ဒီလိုလုပ်ဗျာ၊ သူတို့ကလည်း ပျောက်တယ်လို့ အခိုင်အမာ ပြောတယ်။ ခင်ဗျားတို့ကလည်း မယူဘူး၊ မတွေ့ဘူး ဆိုတော့ တစ်ခုခုတော့ မှားနေပြီ။ ဒီတော့ ဧည့်သည်လည်း ကျေနပ်အောင် ခင်ဗျားတို့ နှစ် ယောက် ကို ရှာချင်တယ်၊ ရှာခွင့်ပြု

မလား”

မန်နေဂျာ ရောက်လာသဖြင့် မန်နေဂျာနှင့် ဧည့်သည် တိုးရစ်လင်မယား နှစ်ယောက် ရှေ့မှာ ပင် သူတို့နှစ် ယောက် ကို ကျွန်တော် က ရှာရပါသည်။ ခြေဆုံး ခေါင်းဆုံး ရှာသော် လည်း ဘာမှ မတွေ့ပါ။

“အခုလို အရှာခံရတာ ရှက်စရာ ကောင်းလိုက်တာဗျာ။ ကျွန်တော် တို့တကယ် မယူပါဘူး၊ ဟိုကောင်လေးဆို နိုင်ငံခြားသွားတော့မယ့်ဆဲဆဲပါ။ ဒီလို ဖြစ်တာ အခြောက်တိုက် နာမည် ပျက်ရဦးမှာ ပဲ”

ဟု အသက် ၃၀ ခန့် ဝန်ထမ်းက ပြောပါသည်။ အသက် ၂၀ ခန့်ကောင်လေး ကတော့ ဘာမှ မပြောပါ။

“ကဲ . . . ရှာပြီးပါပြီ၊ ဘာမှ မတွေ့ပါဘူး။ ဧည့်သည်များ ကလည်း မကျေနပ်ပါ။ လေယာဥ်ချိန်လည်း နီးနေပါပြီ၊ သွားကြပါစို့။ အကယ်၍ ဟိုတယ်ဘက်ကလည်း ထူးခြားတာများ ရှိခဲ့ရင် ကျွန်တော် တို့ကို ဆက်သွယ်လိုက်ပါ။ ဟောဒီမှာ ကျွန်တော့် လိပ်စာကတ်၊ ဧည့်သည်က ရန်ကုန် ကန်တော် ကြီးပဲလေ့(စ်)ဟိုတယ်မှာ တည်းပါတယ်”

ထိုနေ့က ဘာမှ မထူးခြားပါ။ နောက်တစ်နေ့ နံနက်တွင် ကန်တော် ကြီးပဲလေ့(စ်)ဟိုတယ်သို့ ကျွန်တော် ရောက်သော အခါ ကျွန်တော့်ကို တွေ့ချင်သည့် ဧည့်သည်နှစ် ယောက် စောင့်နေပါသည်။ သူတို့သည် အနောက်တိုင်းဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထားသော မြန်မာလူမျိုး များ ဖြစ်ကြပါသည်။

“ကျွန်တော် တို့ မန္တလေး ( ) ဟိုတယ်က ရန်ကုန်ရုံးခွဲမန်နေဂျာနဲ့ လက်ထောက်မန်နေဂျာပါ။ မနေ့က ကျွန်တော် တို့ ဟိုတယ်မှာ ဖြစ်သွားခဲ့တဲ့ ကိစ္စမှာ လူကြီးမင်းတို့ ပြန်သွားတော့ ဟိုတယ်ဝန်ထမ်းအားလုံးရဲ့ Locker (အဝတ်အစား သေတ္တာ) တွေ ကို တစ်ခုချင်း ချက်ချင်း ဖွင့်ပြီး ရှာပါတယ်။ အဲဒီ မှာ မောင် . . . . . ရဲ့သေတ္တာထဲက နိုင်ငံခြားသားရဲ့ ပိုက်ဆံအိတ်ကို တွေ့ခဲ့လို့ ရန်ကုန်အထိ ပြန်လာပေးတာပါ။ အဲဒီ ကိစ္စအတွက် ဧည့်သည်ကိုလည်း တောင်းပန်ချင်ပါတယ်၊ ဝန်ထမ်း ကောင်လေးကိုလည်း

ရဲစခန်းကို ပို့လိုက်ပါပြီ”

“အဲဒီ ကောင်လေးက ငယ်ငယ် ကောင်လေးလား၊ ကြီးကြီး ကောင်လေးလား”

“ငယ်ငယ် ကောင်လေးပါ၊ အခန်းထဲကို သူက အရင်ဝင်တော့ ပိုက်ဆံအိတ် တွေ တာနဲ့ ဘယ်သူ့မှ မပြောဘဲ ယူထားလိုက်တော့ နောက် တစ်ယောက် က ဘာမှ မသိတာပါ”

“ဩော်”

နိုင်ငံခြား သွားမည့် ဆဲဆဲ ဘဝတက်လမ်း တလူလူ ဖြစ်နေသော ဝန်ထမ်းကောင်လေး၏ မျက်နှာကို ကျွန်တော် ဖျတ်ခနဲ မြင်ယောင်မိသည်။ ယူတုန်း ကတော့ ဘာရယ် မဟုတ်၊ Tip Money ထားခဲ့ပြီဟု ထင်ကာ တဒင်္ဂ လောဘဖြင့် အသာ ယူထားခြင်း ဖြစ်သည်။ နောက်တော့ ပြဿ နာက ကြီးလာတော့မှ ကျွန်တော် ယူထားပါသည်ဟု ဝန်မခံချင်၊ ဝန်မခံရဲရာမှ ဤမျှအထိ ဖြစ်သွားခြင်းပေလား ဟု တွေ းနေမိပေသည်။

အချိန်များ ကား တရွေ့ရွေ့ ကုန်လွန်သွားသည်။ ကျွန်တော် လည်းဧည့်လမ်းညွှန် တစ်ယောက် အ ဖြစ် ပုဂံ၊ မန္တလေး၊ အင်းလေး၊ ကလောမြို့ များ သို့ ဝင်ချည် ထွက်ချည်ဖြင့် ကျင်လည်နေရမြဲ ဖြစ်သည်။

တစ်နေ့တွင် ကလောမြို့ ရှိ ဟိုတယ်တစ်ခုသို့ ရောက်သွားရာ အသားဖြူဖြူ ဥပဓိရုပ်သန့်သန့် လူ တစ်ယောက် ကျွန်တော့် ကို လာနှုတ်ဆက်သည်။

“ကိုညီညီ မဟုတ်လား၊ ကျွန်တော် က ဒီဟိုတယ်က မန်နေဂျာပါ။ ကိုညီ ကျွန်တော့် ကို မှတ်မိသလား”

“စိတ်မရှိပါနဲ့ ခင်ဗျား၊ မမှတ်မိလို့ပါ၊ တွေ ့တော့ တွေ ့ဖူးသလိုပဲ”

“လွန်ခဲ့တဲ့ ခြောက်နှစ် လောက်က မန္တလေး ( ) ဟိုတယ်မှာ ဆုံခဲ့ဖူးတယ်လေ။ ကိုညီ့ ဧည့်သည် ပိုက်ဆံပျောက်တော့ ခေါ်အစစ်ခံရတဲ့ ဝန်ထမ်းနှစ် ယောက် ထဲမှာ ကျွန်တော် ဟာ တစ်ယောက် အပါအဝင်ပေါ့။ ဟိုကောင်လေး ကတော့ ထောင် ၅ နှစ် ကျသွားရှာတယ်။ လွန်ခဲ့တဲ့ တစ်နှစ် ခွဲလောက် ကတော့ ထောင်က ပြန်လွတ်လာတယ်။ အခုတော့

ကချင်ပြည်နယ်ဘက်မှာ ဝန်ထမ်း ဝင်လုပ်နေတယ်။ နိုင်ငံခြားလည်း မသွား ဖြစ်တော့ဘူး။ သူ့အဖေလည်း သူ့စိတ်နဲ့ပဲ သူ ထောင်ထဲမှာ ရှိနေတုန်း ဆုံးသွားရှာတယ်”

“စိတ်မကောင်းလိုက်တာဗျာ၊ သူအမှု ဖြစ်တုန်းက ကျွန်တော် သူ့ဘက်က သက်သေအ ဖြစ် လာပြီး အစစ်ခံဖို့ စဉ်းစားပါသေးတယ်။ ခရီးဆက်တိုက်သွားနေတာနဲ့ရယ်၊ ဘယ်လို ဆက်သွယ်ရမှန်း မသိတာကြောင့် ရယ် မလာ ဖြစ်ခဲ့ဘူး”

ကလောမြို့ မှ ပြန်လာတော့ ကျွန်တော့် ခေါင်းထဲမှာ စဉ်းစားစရာတွေ ပြည့်နှက်နေကာ လွန်ခဲ့သော ခြောက်နှစ် ခန့်က အ ဖြစ်အပျက်တွေ ကို သတိရမိသည်။

ဘဝတွင် ကြီးမားသော အ ဖြစ်အပျက်များ ဟူသည် သူ့အလိုလို မိုးပေါ်မှ ကျလာသည် မဟုတ်။

တဒင်္ဂ အခိုက်အတန့်အတွင်း ႏ စိတ်ကို မထိန်းနိုင်ရာမှ ဖြစ်ပေါ်လာကြခြင်းပင် ဖြစ်ပေသည်။

Street View ဂျာနယ်၊ ၂၁ အောက်တိုဘာ ၂၀၁၃။

# တိုးရစ်လောက ကြားသမျှ

ချိုချိုကူး

ပြည်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်းထဲကို ပုဂံ-ပြည်အမြန်ကားကြီးတစ်စီး ဝင်လာတာနဲ့ ဆိုက်ကားဆရာတွေ ရော၊ လေးဘီးကားဆရာတွေ ရော၊ တည်းခိုခန်း ကြို ပို့လုပ်တဲ့သူတွေ ရော အလုပ်သမားတွေ ပါ ဝိုင်းအုံ ရောက်လာကြ ပါတယ်။ အဲဒီ လူတွေ ထဲမှာ ပတ်ဗလစ်ကာ ကားလေးတစ်စီးနဲ့ ကိုယ်ပိုင်ဘလက်တက္ကစီ ဆွဲစားနေတဲ့ ကိုဇော်ကြီးလည်း တစ်ယောက် အပါအဝင် ဖြစ်ပါတယ်။ ကားပေါ်က ဆင်းလာတဲ့အထဲမှာ ဖော်ရိန်နာက သိပ်မပါပါဘူး။ လေးယောက် ယောက်ပဲ ပါတယ်။ သုံးယောက် တစ်ဖွဲ့က လေးဘီးဆရာ တစ်ယောက် နဲ့ ချိတ်မိသွားတယ်။ တစ်ယောက် တည်း ကျန်တာက ဂျပန်လိုလို၊ ကိုရီးယားလိုလို၊ တရုတ်လိုလိုလူ။ သူနဲ့ ဘယ်သူမှ စကားပေါက်အောင် ပြောလို့ မရဘူး။ အင်္ဂလိပ်လို တစ်လုံးစ နှစ် လုံးစ ပြောတော့လည်း နားလည်ပုံမရဘူး။ ခေါင်းခါခါ လည်ခါခါနဲ့။

"ချိုချိုကူး . . . ချိုချိုကူး" နဲ့ပဲ ပြောနေတယ်။ စကားပြန်လည်း ပါမလာဘူး။ ကဲ . . . စကားပေါက်တာ၊ မပေါက်တာ အသာထား။ ကားပေါ်တင်ခေါ် လာပြီး ရွှေဆံတော် ဘုရား၊ ဈေးကြီး၊ ဘုရားကြီး၊ မှော်ဇာရွာတွေ လိုက်ပို့ပြီး မင်္ဂလာဂါးဒင်းဟိုတယ်မှာ ချပေးလိုက်ရင် ကားခတော့ မြိုး မြိုး မြက်မြက် ရနိုင်တယ်လို့ တွေးပြီး ကိုဇော်ကြီးက လက်ဟန် ခြေဟန်နဲ့ တိုးရစ်ကို ဖိတ်မန္တကပြုတယ်။ တိုးရစ်လည်း ဝမ်းသာသွားဟန်ပြပြီး "ချိုချိုကူး" လို့ တစ်ချက် ပြောပြီး ကားပေါ် တက်ထိုင်တယ်။ ကိုဇော်ကြီးကလည်း ရွှေဆံတော် ဘုရားကို သွားဖို့ မြို့ ထဲဘက်ကို အရင်မောင်းတယ်။ ဗိုလ်ချုပ်လမ်းအတိုင်းမောင်းလာရင်း မူယာပင်ရပ်မှာ ရှိတဲ့ သူ့အိမ်ရှေ့ ဖြတ်မောင်းတော့ အင်း . . . ဓာတ်ဆီ ဝင်ထည့်ရင် ကောင်းမှာ ပဲလို့ တွေးမိပြီး သူ့အိမ်ခြံဝင်းထဲကို ကိုဇော်ကြီးမိန်းမ မိချိုကလည်း လင်တော် မောင် ဖောရိန်နာနဲ့ ခွင်မိလာပါပကော ဆိုပြီး အားရဝမ်းသာ ထွက်ကြိုဆိုတယ်။

ကိုရွှေတိုးရစ် ကတော့ သူ့ကို ဘယ်နေရာ ခေါ်လာပြီ ထင်သလဲတော့ မသိပါဘူး။ 'ချိုချိုကူး' လို့ တစ်ခွန်း ပြောပြီး ကားပေါ်က ပြေးဆင်းကာ ကားဆရာ မိန်းမ မိချိုကို

ပြေးဖက်တော့တာပဲ။ အဲဒီ တော့မှ သောက်ကျိုး နည်းခွတော့ ကျကုန်ပါပေါ့ဆိုပြီး အမြတ်မရဘဲ အရင်းထဲက ပဲ့ပါမယ့်ကိန်း ဆိုက်နေတဲ့ ကားဆရာ ကိုဇော်ကြီးက မျက်လုံးပြူး မျက်ဆန်ပြူး နဲ့ ကပျာကယာ ပြေးသွားပြီး သူ့မိန်းမနဲ့ တိုးရစ်ကြားမှာ ထုပ်ဆီးတိုးသလို လက်နှစ် ဖက်ကို ဆန့်ကာ 'မိုင်ဝိုက်(ဖ်) My Wife' နဲ့ အော်ရတော့တာပဲ။

ဒါတောင် ဟိုလူက 'ချိုချိုကူး' ဆိုပြီး ရှေ့ကို တက်လာသေးသတဲ့။

"ဟေ့ ဒါမျိုး တော့ ဂျပန်ရော၊ ကိုရီးယားရော မခံဘူး ပြည်သားသတ္တိပြမယ်ကွ"ဆိုပြီး ဝါးရင်းတုတ် ပြေးဆွဲတော့မှ မျက်နှာရိပ် မျက်နှာကဲ မလှတာနဲ့ ကိုရွှေဧည့်သည်လည်း ကားပေါ် ပြန်တက်ထိုင်နေပါသတဲ့။ ကိုဇော်ကြီးလည်း သူ့ဧည့်သည်တော် ကြီးကို မူလတွေ ့ခဲ့တဲ့ အဝေးပြေးဂိတ်ကို ပြန်ခေါ်သွားပြီး ချထားခဲ့ပါသတဲ့။

ကိုဇော်ကြီးလည်း အဲဒီ နေ့က စလို့ တိုးရစ်ဆိုရင် ရွံ့ကြောက်ကြီး ဖြစ်သွားပါသတဲ့။ ဒီကြားထဲ လက်ကမြင်းတဲ့ ကားဆရာတချို့ က သူ့ကားဘော်ဒီမှာ မြေဖြူနဲ့ 'ချိုချိုကူး' လို့ ရေး ပေးလိုက်လို့ သူ့ကို ကွယ်ရာမှာ 'ချိုချိုကူး ဇော်ကြီး' ရယ်လို့ ဒီနေ့ထက်ထိ ခေါ်နေကြတုန်းဆိုပဲ။

ဘုရားကိုးဆူ

ဒါ ကတော့ မန္တလေးမှာ ပါ။ အချို့ တိုးရစ်တွေ ဟာ ငွေကုန်ကြေးကျ သက်သာအောင် ဧည့်လမ်းညွှန် မငှားဘဲ ဆိုက်ကားဆရာနဲ့ပဲ မြို့ ကို လှည့်ကြပါသတဲ့။ ဆိုက်ကားဆရာတွေ ကလည်း Tour အတွေ ့အကြုံရှိတာမို့ တော် ရုံတန်ရုံစကားတွေ ကိုတော့ ဧည့်သည် နားလည်အောင် Broken English နဲ့ တစ်လုံးကောင်းတော့ ပြောတတ်ကြပါတယ်။ မန္တလေးတစ်မြို့ လုံးကို လည်ကြည့်တာ တစ်နေ့လုံး အဆင်ပြေပေမယ့် ညနေပိုင်း ရောက်တော့မှ ချောက်ကျရမလို ဖြစ်နေပါသတဲ့။

ဖြစ်ပုံ ကတော့ ဘုရားကိုးဆူ ကပ်လှူပူဇော်တဲ့ အိမ်တစ်အိမ်ရှေ့မှာ ဧည့်သည် တွေ တရှန်းရှန်းနဲ့ စည်စည်ကားကား ဖြစ်နေတဲ့ မြင်ကွင်းကို 'ဒါဘာလဲ' လို့ တိုးရစ်က

မေးတဲ့အခါ ဆိုက်ကားဆရာလည်း လိပ်ပတ်လည်အောင် မဖြေတတ်တော့ဘူး

ဒါပေမဲ့ မသိတာကို မသိဘူး မဖြေဘဲ တတ်သလောက် မှတ်သလောက် အင်္ဂလိပ်လို ကြိတ်လိုက်ပုံ ကတော့ မှတ်သားလောက်ပါတယ်။ ဘုရားကိုးဆူကို အင်္ဂလိပ်လို သူ ရှင်းပြတာ ကတော့ “This is 9 Buddhas.Dinner Party” ပါတဲ့ ခင်ဗျာ။

ဆိတ်သားဟင်း

စားသောက်ဆိုင် တစ်ဆိုင်မှာ ဧည့်လမ်းညွှန်နဲ့ တိုးရစ် တစ်ယောက် ထမင်း ဝင်စားကြပါတယ်။ ဧည့်လမ်းညွှန်က အင်္ဂလိပ်ဘာသာ ဧည့်လမ်းညွှန် ဖြစ်ပြီး တိုးရစ် ကတော့ အင်္ဂလိပ်စကားပြော နိုင်ငံက လာတာ မဟုတ်တဲ့အတွက် အင်္ဂလိပ်လို သိပ်ပြီး နားမလည်ပါဘူး။ အစားအသောက် စာရင်းစာရွက်ကို ကြည့်ပြီး တိုးရစ်က ဧည့်လမ်းညွှန်ကို မေးတယ်။

“Mutton ဆိုတာ ဘာသားလဲ”

“ဆိတ်သား ကို ပြောတာပါ”

“ဆိတ်သား ဆိုတာ ဘာကို ခေါ်တာလဲ”

“ဆိတ်သား ဆိုတာ Goat လို့လည်း ခေါ်ပါတယ်”

“Goat ကိုလည်း ငါ မသိဘူး”

ခက်တော့ ခက်နေပြီလို့ ညည်းတွားပြီး ဧည့်လမ်းညွှန်က ဆိတ်ရဲ့ သရုပ်ပေါ်အောင် အခုလို ဆက်ပြီး ရှင်းပါတယ်။

“ခြေလေးချောင်း သတ္တဝါဗျာ၊ အကောင်က တော် တော် သေးတယ်။ မြက်တို့၊ အသီးအရွက်တို့ စားတယ်”

“သိပြီ . . . သိပြီ” လို့ တိုးရစ်က ဖြေပြီး ဆိတ်ရဲ့နာမည် ကို ကမ္ဘာ့သုံး ဘာသာစကားနဲ့ အခုလို အော်ပြောလိုက်ပါသတဲ့။

"ပဲ ဟဲ ဟဲ ဟဲ"

နွားသိုးတောင်

ဒါလည်း ဘာသာစကားနဲ့ ပတ်သက်ပါတယ်။ အင်္ဂလိပ်ဘာသာစကားဟာ ကမ္ဘာ့သုံးဘာသာစကား ဖြစ်တာကြောင့် အခြေခံလောက်တော့ သိထားသင့်တဲ့ သာဓကပါ။ ထုံးစံအတိုင်းပါပဲ၊ အင်္ဂလိပ်စာ ညံ့တဲ့ အီတလီတိုးရစ်နဲ့ အင်္ဂလိပ်စကားပြော ဧည့်လမ်းညွှန်တို့ လာတွေ့ကြပါတယ်။ တွေ့တာ ကတော့ ပြည်မြို့ တစ်ဖက်ကမ်းက ဖိုးဦးထောင်လို့ ခေါ်တဲ့ သမိုင်းဝင်နေရာ တစ်ခုမှာ ပါ။ ဂိုက် ကတော့ (Station Guide) လို့ခေါ်တဲ့ ဒေသခံ ဧည့်လမ်းညွှန် ဖြစ်တာကြောင့် သူ့မြို့ အကြောင်းကို မြင်သမျှ တွေ့သမျှ လျှောက်ပြောပြပါတယ်။

"ဒါက ဖိုးဦးတောင်ပဲ၊ ဟိုဘက်ကဟာက နွားသိုးတောင်"

"နွားသိုးတောင် . . . နွားသိုး ဆိုတာ ဘာလဲ"

"နွားသိုးတောင်ဆိုတာ Bull Hill ဗျာ၊ ဘူး(Bull) မသိဘူးလား"

"မသိဘူး"

"ဒါဆို Ox အောက်(စ်) သိလား"

"နိုး"

"Cow တော့ သိမှာ ပေါ့"

"ဟင့်အင်း"

နွားသိုးတောင်ရဲ့ သမိုင်းကြောင်းကို ရေရေလည်လည် ရှင်းပြလိုက်မယ်လို့ အားခဲထားတဲ့ ဧည့်လမ်းညွှန်လည်း စိတ်ပျက် သွားပါသတဲ့။ ဒါပေမဲ့ အားမလျှော့သေးဘဲ -

"နေပါဦး အမဲသား (Beef) တော့ မင်းသိမှာ ပေါ့" လို့ မေးလိုက်တော့ -

"သိတယ်၊ သိတယ်၊ ငါ အကြိုက်ဆုံး အသားပဲ"

လို့ ပြန်ဖြေတယ်။

“အေး . . . အဲဒီ အမဲသား မ ဖြစ်ခင် အကောင်ကွာ”

“သြော် . . . သိပြီ သိပြီ”

အင်း . . . သိမှပဲ၊ မသိရင်တော့ နွားသိုးနဲ့တင် တစ်ရက် အချိန်ယူရမယ်လို့ ဧည့်လမ်းညွှန်လည်း သက်ပြင်းချသတဲ့။ တော် ပါသေးရဲ့၊ အမဲသား ကယ်ပေလို့။

လွယ်ရင် သူကြွယ်တောင် သူခိုး ဖြစ်

မန္တလေးမြို့ မြန်မာ့စီးပွားရေး ဘဏ်ထဲကို တိုးရစ် သုံးဦး ဝင်လာပါတယ်။ ဥရောပတိုက်သား ကမ္ဘာလှည့်ခရီးသည်တွေ ပါ။ သူတို့ဟာ ဧည့်လမ်းညွှန်နဲ့ အငှားကားနဲ့ ကျကျနန လည်ပတ်လေ့ရှိတဲ့ Package Tour ခရီးသည်တွေ တော့ မဟုတ်ပါဘူး။ FIT (Foreign Independent Traveller) လို့ခေါ်တဲ့ ကျောပိုးအိတ်လွယ် ချွေတာရေး ခရီးသည်တွေ ပါ။ သူတို့မှာ ပါလာတဲ့ ခရီးဆောင် ချက်လက်မှတ်ကို ငွေသား အက်(ဖ)အီးစီ (F.E.C) နဲ့လဲဖို့ ဘဏ်ကို လာခဲ့တာပါ။

နိုင်ငံခြားသားတွေ မို့ သူတို့ကို ဘဏ်ရဲ့ အတွင်း ခန်းထဲကို ဝင်ခွင့်ပြုခဲ့ပါတယ်။ အတွင်း ခန်းထဲမှာ ငွေအပ်နှံဖို့ ရောက်နေတဲ့ မန္တလေးသား တစ်ယောက် လည်း ရှိနေပါတယ်။ မန္တလေးသားက စာရွက်စာတမ်း တစ်ခုကို လက်မှတ်ထိုးဖို့ ထွက်သွားတဲ့ အချိန်မှာ လူကလည်း ရှင်းနေပြန်၊ အတွင်း ခန်းထဲမှာ လည်း ဖြစ်နေတာမို့ သူပိုင် ငွေကျပ် သိန်းနှစ် ရာလောက်ကို စားပွဲပေါ်မှာ ဒီအတိုင်းပဲ ထားခဲ့ပါတယ်။ မိနစ်ပိုင်းအတွင်း သူ ပြန်ရောက်လာတော့ ထားခဲ့တဲ့ ငွေတွေ မရှိတော့ပါဘူး။ ဘေးနားမှာ ရှိနေတဲ့ တိုးရစ်တွေ လည်း မရှိတော့ပါဘူး။ ရှင်းနေတဲ့ ကိစ္စတစ်ခု ဖြစ်တာကြောင့် ရဲစခန်းမှာ ခိုးမှု နဲ့ အမှု ဖွင့် တိုင်ကြားခဲ့ပါတယ်။

တိုးရစ်သုံးယောက် ဟာ ဘဏ်က ငွေတွေ အလစ်သုတ်လာပြီး မန္တလေးလေဆိပ်ကို တန်းပြေးပါတယ်။ လေဆိပ်မှာ မီရာလေယာဉ်နဲ့ လိုက်ဖို့ အကြံနဲ့သွားတာပါ။ ကြိုတင်လက်မှတ်တော့ မဝယ်ရသေးဘူး။ ခရီးသည် အသွားများ တဲ့ ဆောင်းတွင်းကာလ ဖြစ်တာကြောင့် လေယာဉ်တွေ အားလုံးကလည်း လူပြည့်နေပြီမို့

သူတို့အတွက် လက်မှတ်အပို ရောင်းစရာ မရှိပါဘူး။ အဲဒါနဲ့ ကားတစ်စီးကို ပေါက်ဈေးထက် နှစ် ဆပေးပြီး မန္တလေးကနေ ပုဂံကို စင်းလုံးငှားခဲ့ပါတယ်။

ပုဂံ ရောက်တဲ့အခါ အကောင်းဆုံး ဆိုတဲ့ ဟိုတယ်ကတစ်ခုက ဈေးအကြီးဆုံး အခန်းကို ငှားပြီး ရေကူးလိုက်၊ ဘီယာ သောက်လိုက်၊ စားကောင်းသောက်ဖွယ်တွေ စားလိုက်နဲ့ ဇိမ်ကျနေပါတယ်။ ဒါနဲ့တင် မရပ်သေးဘဲ သူတို့ဟာ ရရှိထားတဲ့ ကျပ်ငွေတွေ ကို သုံးပြီး ဒေါ်လာတွေ ကို ပေါက်ဈေးထက်ပိုပေးပြီး ဝယ်ခဲ့တာကြောင့် ဒေသခံ ပုဂံသားတွေ ရဲ့ စိတ်ဝင်စားမှု ကို ခံခဲ့ရပါတယ်။

သူတို့ရဲ့ ဇိမ်ကျမှု ဟာ တစ်ရက်ပဲ ခံပါတယ်။ မန္တလေးက တောက်လျှောက်လိုက်လာတဲ့ ရဲတွေ ဟာ နောက်တစ်နေ့မှာ ပဲ သူတို့ကို လာကုပ် သွားပါတော့တယ်။ ရဲစခန်းမှာ စစ်ချက်ယူတော့ ကိုယ်တော်ချောတွေ က ပြောမိပြောရာ ပြောတာ ကတော့ -

“ဒီငွေတွေ ပိုင်ရှင်မရှိဘူး ထင်လို့ ယူတာပါတဲ့”

တရားကျစရာပါပဲ။ ချမ်းသာတဲ့ နိုင်ငံတွေ က လာတိုင်းလည်း စိတ်ဓာတ် မြင့်မားနေတာ မဟုတ်ဘူးဆိုတာ ဒီ ဖြစ်ရပ်က သက်သေပါပဲ။

ရယ်စရာမဂ္ဂဇင်း၊ စက်တင်ဘာ ၂၀၀၈။

# ပခုက္ကူရောက် အီတလီ ခရီးသည်

Professional Tour Guide တစ်ယောက် အ ဖြစ် ၁၉၉၅ မှ စတင်ကာ ယခု ဤစာကို ရေး သည့် ၂၀၁၃၊ အသက်မွေးဝမ်းကျောင်းခဲ့စဉ်အတွင်း ကျွန်တော် လိုက်ပါ ပြသပေးခဲ့ရသော နိုင်ငံခြားသား အရေအတွက်ကို စာရင်း မှတ်မထားခဲ့သဖြင့် ဘယ်နယောက် ဟု အတိအကျ မမှတ်မိသော်လည်း ခန့်မှန်းခြေ စုစုပေါင်းနှစ် ရာ ကျော်ကျော်တော့ ရှိပြီဟု ခန့်မှန်းမိပါသည်။ တစ်ခါတစ်လေ ပြန်စဉ်းစားလိုက်သော အခါ ထိုလူအားလုံးကို မမှတ်မိတော့ပါ။ ထိုလူနှစ် ရာကျော်ထဲက ယနေ့အချိန်အထိ ကိုယ်နှင့် စာအဆက်အသွယ်၊ လူအဆက်အသွယ် မပြတ်သူအချို့ ကိုသာ မှတ်မိပါတော့သည်။ သို့သော အချို့ မှာ အဆက်အသွယ် မရှိတော့သော်ငြား သူတို့နှင့် ဆုံခဲ့စဉ်အတွင်း ထူးထူးခြားခြား အ ဖြစ်အပျက်ကလေးတွေ ရှိနေခဲ့ပါမူ မမေ့နိုင်တော့ဘဲ မှတ်မိ သတိရနေတတ်ပါသည်။ ထိုသို့ ထူးခြားသော ကိစ္စလေးများ အတွက် မှတ်မိနေသူများ တစ်ဦးအနက် ထိပ်တန်းမှ ပါဝင်နေသူတစ်ဦးမှာ ဂလော်ရီယာ ဟူသည့် အမျိုး သမီး ဖြစ်ပါသည်။

သူမကို အဘယ့်ကြောင့် မမေ့နိုင်ရပါသနည်း ဟူမူ ကျွန်တော် နှင့် တကွ တခြားဧည့်လမ်းညွှန် တော် တော် များများ ကြုံဖူးမည် မထင်သော ကိစ္စတစ်ခု ဖြစ်ပွားခဲ့၍ ဖြစ်ပါသည်။ ၎င်းကိစ္စမှာ ခွေးရူးကိုက်ခံရခြင်း ဖြစ်ပါသည်။ ကိုက်ခံရသော နေရာမှာ ကမ္ဘာကျော် ပုဂံမြို့၊ ညောင်ဦးဈေးရှေ့တွင် ဖြစ်ပါသည်။

မစ္စစ်ဂလော်ရီယာသည် အသက် ၄၈ နှစ် ခန့် အီတလီလူမျိုး တစ်ဦး ဖြစ်ပါသည်။ သူ့ယောက်ျားက သူ့ထက် အသက်အတော် ကြီးသော အမေရိကန် အဘိုးကြီးတစ်ဦး ဖြစ်သည်။ ထိုအဘိုးကြီးသည် ဦးခေါင်းပြောင်အောင် ရိတ်ထားသလော သို့မဟုတ် ဆံပင်ပဲ မပေါက်တော့၍ လော မသိ၊ ခေါင်းတုံးကြီးနှင့် ဖြစ်သည်။ အသက် ၇၀ နှစ် ခန့် ရှိပြီ။ ဦးခေါင်းမှာ အမြဲတမ်း တုန်နေသည်။

အမျိုး သမီးမှာ ငယ်စဉ်က အတော် ပင် ချောမည့် ပုံရကြောင်းကို ဇရာနည်းနည်း ထောက်စ ကြုံလာသော ယခုအရွယ်တွင် ပင် သိသာနိုင်သေးသည်။ အမျိုး သမီးကြီးနှင့်

အဘိုးကြီး လက်ထပ်တာ သိပ်မကြာသေးဘူးဟု သိရသည်။ အဘိုးကြီးက သူမကို ဘာကြောင့် လက်ထပ်ခဲ့သလဲ ဆိုတာ ကျွန်တော့် ကို ပြောမပြသော်လည်း သူမကမူ အဘိုးကြီး ချမ်းသာသဖြင့် လက်ထပ်လိုက်တာဟု ပြောင်ပင် ကျွန်တော့် ကို ဖွင့်ပြောသည်။ သူမ၏ ရည်ရွယ်ချက်အတိုင်းပင် လမ်းတစ်လျှောက်လုံး အဘိုးကြီး ပိုက်ဆံတွေ ကို အပြတ် သုံးဖြု န်းလာတာ မြင်ရသည်။

ထိုနေ့သည် မှတ်မှတ်ရရ ၂၀၁၃ ခုနှစ် ၊ ဇန်နဝါရီလ ၅ ရက်၊ တနင်္ဂနွေနေ့ ဖြစ်သည်။ ကျွန်တော် တို့သည် ပုဂံမြို့ ၊ သီရိပစ္စယာဆာကူရာဟိုတယ်တွင် တည်းခိုနေကြသည်။ မစ္စစ်ဂလော်ရီယာက ပုဂံမြို့ ကို မီးပုံးပျံစီးပြီး အပေါ်စီးမှ ကြည့်ချင်သည်ဟု သူ့ယောက်ျားကို ပူဆာသဖြင့် ကျွန်တော် တို့သည် ‘ပုဂံမြို့ ကို မီးပုံးပျံဖြင့် ကြည့်ကြစို့’(BALLONS OVER BAGAN) ဟူသော ကုမ္ပဏီရုံးစိုက်ရာ ပုဂံဟိုတယ်သို့ သွားကြ၏ ။

ပုဂံမြို့ ပေါ်သို့ မီးပုံးပျံဖြင့် လေးဆယ့်ငါးမိနစ်၊ တစ်နာရီခန့် လိုက်ပါကြည့်ရှုခမှာ မသက်သာလှချေ။ လူ တစ်ယောက် လျှင် အမေရိကန်ဒေါ်လာ ၂၀၀ ကျသင့်မည် ဖြစ်သည်။ နိုင်ငံတကာအဆင့်မီ မီးပုံးပျံကြီးကို အင်္ဂလန်နိုင်ငံမှ ကမ္ဘာ့အဆင့်မီ ပိုင်းလော့က မောင်းကာ အသက်အာမခံကြေးတွေ ဘာတွေ နှင့် အခြားဝန်ဆောင်မှု (မီးပုံးပျံပေါ်မှာ ရှန်ပိန် တိုက်ခြင်း၊ မိမိ တည်းခိုရာ ဟိုတယ်မှ မီးပုံးပျံကွင်းသို့ ကားဖြင့် ကြို/ပို့ပေးခြင်း စသည်) များ ပါဝင်၍ ဤမျှ စျေးကြီးခြင်း ဖြစ်သည်။

အဘိုးကြီးသည် ဒေါ်လာ ၂၀၀ ဟူသည့် အသံကို ကြားသည်နှင့် -

“ငါ မစီးဘူးဟေ့ . . . ဘယ့်နယ့်ကွာ ဒီပိုက်ဆံနဲ့ဆို မြန်မာပြည်ကနေ တခြားနိုင်ငံ တစ်ခုခုကို လေယာဉ်စီးသွားလို့ ရတယ်ကွ” ဟု ဘုတော၏ ။

သို့သော် သူ့မိန်းမကိုတော့ သူ မနိုင်။ အမျိုး သမီးက အဘိုးကြီး၏ ခရက်ဒစ်ကတ် ဆွဲယူကာ ငွေချေလိုက်လေ၏ ။ အဘိုးကြီးက သူ့မိန်းမကို တားလို့မရနိုင်သဖြင့် ငွေပေးချေမှု စာရွက်တွင် လက်မှတ်ထိုးရ၏ ။ သို့သော် သူ ကတော့ မစီးဘူးဟု ပြောကာ

သူ့မိန်းမ တစ်ယောက် စာပဲ လက်မှတ်ဝယ်သည်။

မီးပုံးပျံမှာ မနက် နေထွက်ချိန် ရှုခင်းနှင့် ညနေ နေဝင်ချိန် ရှုခင်းဟူ၍ တစ်နေ့လျှင် ၂ ကြိမ် ပျံသန်း၏ ။ မီးပုံးပျံတစ်စီးလျှင် ပိုင်းလော့ အပါအဝင်လူကြီး ရှစ်ယောက် လိုက်ပါစီးနင်းနိုင်သည်။ နံနက်ပိုင်း ပျံတက်သော မီးပုံးပျံ ခရီးစဉ်များ သုံးရက်ဆက်တိုက် လူပြည့်ပြီး ဖြစ်နေသဖြင့် ထိုနေ့ ညနေ ၄ နာရီခွဲ လွှတ်တင်မည့် မီးပုံးပျံကိုပဲ လက်မှတ်ဖြတ်ခဲ့သည်။

မီးပုံးပျံ လက်မှတ် ဝယ်ပြီးသည့်နောက် ပုဂံမြို့ ကို ဒုတိယနေ့မြောက်လှည့်လည် ကြည့်ရှုခြင်း အစီအစဉ် စ၏ ။ အချိန်မှာ နံနက် ၈ နာရီခွဲခန့်သာရှိသေးသည်။ ကျွန်တော် ၏ အစီအစဉ်မှာ ယမန်နေ့က မရောက်ခဲ့သေးသော ညောင်ဦး ဘက်ခြမ်းမှ ဘုရားစေတီများ နှင့် ဈေးကို စတင်ပြသရန် ဖြစ်သည်။

ထိုသို့ ညောင်ဦးနှင့် ပုဂံမြို့ ဟောင်းကို ပြသပြီး နေ့လယ်စာကို ဧရာဝတီမြစ်ကမ်းဘေးမှ River View စားသောက်ဆိုင်တွင် စားရန် ကြိုတင် မှာ ကြားထားပြီး ဖြစ်သည်။ ထမင်းစားပြီး ဦးဘငြိမ်း ယွန်းဆိုင်သို့ ဝင်ရောက်ပြသပြီး နေ့လယ်ဘက် ပူပြင်းလှသဖြင့် ဟိုတယ်သို့ ခဏ ပြန်နားမည် ။ ညနေဘက်နေအေးမှ ပြန်ထွက်ပြီး ဘုရားနှစ် ဆူခန့် ပြကာ မီးပုံးပျံကုမ္ပဏီမှ လာခေါ်မည့် ကားကို ဟိုတယ် ပြန်စောင့်မည် ဟု အစီအစဉ် ဆွဲထား၏ ။

သို့သော် ထိုနေ့က အစီအစဉ်သည် နံနက်ပိုင်း ညောင်ဦးဈေးသို့ သွားရောက်သည်အထိသာ အကောင်အထည်ဖော်နိုင်ပြီး အကုန်လုံး ကမောက်ကမ ဖြစ်ကုန်တော့၏ ။

ညောင်ဦးဈေးသို့ စတင်ပြသသည်အထိ အစစ အဆင်ပြေနေ၏ ။ ဈေးထဲတွင် နာရီဝက်ခန့် လှည့်လည်ကြည့်ရှု၍ လက်ဆောင်ပစ္စည်းများ ဝယ်၍ ကားရပ်နား ထားရာ ဈေးမြောက်ဘက်တန်းသို့ ကျွန်တော် တို့ ထွက်လာတော့နံနက် ၉ နာရီ ရှိပြီ ဖြစ်သည်။ ကားထဲသို့ ကျွန်တော် တို့အားလုံး တစ်ပြိုင်နက်ဝင်ထိုင်လိုက်သည်။

ကျွန်တော် တို့ အားလုံး ဆိုသည်မှာ ဧည့်လမ်းညွှန် ကျွန်တော်၊ ကားဆရာနှင့် တိုးရစ် လင်မယားတို့ ဖြစ်သည်။ ဆလွန်းကားကို သူတို့က နောက်ကထိုင်၊ ကျွန်တော် က ရှေ့က ထိုင်သည်။ သို့သော် အမျိုး သမီးသည် ကားထဲ ဝင်ထိုင်ပြီးမှ ဆေးလိပ်သောက်ဦးမည် ဆိုပြီး ကားအပြင်ထွက်၍ စီးကရက်ကို ရှိုက်ဖွာနေသည်။ ယခင်ကလည်း ဤသို့ မကြာခဏ သောက်လေ့ရှိသဖြင့် အဆန်းမဟုတ်တော့ဘဲ ကားထဲမှာ ပင် ကျွန်တော် တို့ ထိုင်စောင့်နေကြသည်။ (ကားထဲမှာ ပဲ သောက်ချင် သောက်ပါ ဆိုသော် လည်း အဲယားကွန်း ဖွင့်ထားသည့်အပြင် ကျွန်တော် တို့ကို အားနာ၍ လူမှု ရေး အရ ကားအပြင် ထွက်သောက်ခြင်း ဖြစ်သည်။)

ထိုအခိုက်ဝယ် စီးကရက် သောက်နေသော သူမဆီမှ ထိတ်လန့်တကြား စူးစူးဝါးဝါး ဟစ်အော်သံ တစ်ချက်ကို ကြားရ၏ ။ နောက်တစ်ခါ ထပ်ဆင့်ပြီး အော်ပြန်သည်။ ကားထဲတွင် ထိုင်နေသော ကျွန်တော် တို့ ယောက်ျားသုံးယောက် ချက်ချင်း ကားတံခါးဖွင့်၍ ထွက်လိုက်ကြသည်။ မြင်ရသည့် မြင်ကွင်းကား ဂလော်ရီယာသည် သူ၏ ဘယ်ဘက် ခြေသလုံးကို လက်ဖြင့် ဖိကာ အော်ဟစ်နေပြီးမလှမ်းမကမ်းတွင် ခွေးအနက်တစ်ကောင် ဒယီးဒယိုင်ဖြင့် ထွက်ပြေးသွားခြင်း ဖြစ်သည်။

“ငါ့ကို အဲဒီ ခွေး ကိုက်သွားတယ်။ ငါဘာမှ မလုပ်ဘဲ တည့်တည့်ပြေးဝင်လာပြီး ဆွဲတာ”

ဟု မစ္စစ်ဂလော်ရီယာက တုန်ရီစွာ ပြောသည်။ သူ့ခြေသလုံးမှာ ဒဏ်ရာကို ကျွန်တော် စစ်ဆေးကြည့်တော့ အစွယ်ရာ နှစ် ခုက စပါးလုံးတစ်ထောက်ကျော် နက်ကာ သွေးများ စို့ပြီး ထွက်ကျနေသည်။ ဒဏ်ရာက နှစ် ချက်၊ ခွေးက နှစ် ခါဆင့်ပြီး ကိုက်လိုက်သည်ဟု သိရသည်

“ညီလေးရေ ... မပေါ့နဲ့၊ မင်း ဧည့်သည်ကို ကိုက်လိုက်တဲ့ ခွေးကမဟန်ဘူး။ အဲဒါ ရူးနေတဲ့ ခွေး၊ လမ်းလျှောက်တာလည်း ဒယီးဒယိုင်နဲ့ ပါးစပ်ကလည်း အမြှုပ်တွေ ထွက်နေတယ်။ လမ်းပေါ်မှာ ပြေးလာပြီး တွေ့တဲ့လူကို ဝင်ကိုက်သွားတာ၊ ဆေးခန်းကို အမြန်သွား”

ဝိုင်းကြည့်နေသော လူအုပ်ထဲမှ တစ်ဦးက ကျွန်တော့်ကို စေတနာဖြင့် အကြံပေးသည်။ ကိုက်သွားသော ခွေးသည်၊ ပိုင်ရှင်ရှိသော ခွေးကောင်းတစ်ကောင် မဟုတ်ကြောင်း၊ ခွေးရူး ဖြစ်ကြောင်း အားလုံးက ဝိုင်းဝန်းထောက်ခံကြသဖြင့် ကျွန်တော် တို့ အလွန်စိုးရိမ် တုန်လှုပ်သွားကြသည်။

ညောင်ဦးဆေးရုံသို့ ကျွန်တော် တို့ တန်းသွားခဲ့ကြပါသည်။ တနင်္ဂနွေနေ့မို့လား မသိ၊ တာဝန်ခံဆရာဝန် တစ်ယောက် အတော် ကြာမှ ရောက်လာ၏ ။ ဆရာဝန် အမျိုး သမီးမှာ လူငယ် တစ်ယောက် ဖြစ်၍ ဖော်ရွေပါသည်။

"အမြန်ဆုံး ခွေးရူးပြန် ကာကွယ်ဆေး ထိုးပါ" ဟု ပြောသည်။

သူတို့ ဆေးရုံမှာ ဘီပီအိုင်မှ ထုတ်သော ချက်ပတ်လည်တွင် နေ့စဉ်ရက်ဆက် ၁၄ လုံးပြည့်အောင် ထိုးရသော ခွေးရူးပြန်ကာကွယ်ဆေးသာ ရှိပါသည်။ ထိုဆေးဒဏ်ကို ဥရောပတိုက်သူ ဖြစ်သော ထိုအမျိုး သမီးကြီး ခံနိုင်မည် မထင်ပါဟု ပြောသည်။ နောက်တစ်ချက်မှာ ကျွန်တော် တို့သည် တစ်မြို့ ကို နှစ် ရက်နှုန်းဖြင့် လည်ပတ်ကြရန် လေယာဉ်လက်မှတ်များ ကို ဝယ်ထားပြီး ဖြစ်ရာ ပုဂံမှာ မည် သည့်နည်းနှင့် မျှ ၁၄ ရက် မနေနိုင်ပါ။ ကျွန်တော် နှင့် ဆရာဝန် မြန်မာလို အချီအချ ပြောဆိုနေသည်ကို မျက်လုံးလေး ကလယ်ကလယ်ဖြင့် လိုက်ကြည့်နေသော မစ္စစ်ဂလော်ရီယာမှာ မျက်နှာလေးငယ်နေရှာသည်။

ကျွန်တော် က သူ့ကို အကျိုး အကြောင်း အကျဉ်းချုပ် ရှင်းပြကာ ဂျာမနီမှ လာသော ခွေးရူးပြန် ကာကွယ်ဆေးကို ပုဂံနှင့် ညောင်ဦးရှိ ဆေးဆိုင်များ တွင် အခု ချက်ချင်း လိုက်ရှာဝယ်ပေးမည် ဖြစ်ကြောင်း အားပေးလိုက်သည်။ ထိုခွေးရူးပြန်ဆေးမှာ ၁၄ ရက်ဆက်ကာ ချက်တွင် ထိုးစရာမလို၊ တင်ပါးတွင် သုံးလုံးသာ ထိုးရမည် ။ ထိုသုံးလုံးမှာ လည်း နေ့စဉ် ထိုးရမည် မဟုတ်။ ယနေ့ တစ်လုံး၊ ခုနစ်ရက် ပြည့်သော နေ့တွင် တစ်လုံး၊ နှစ် ဆယ့်တစ်ရက် ပြည့်သည့်နေ့တွင် တစ်လုံးသာ ထိုးရမည် ဟု ဆရာဝန်က ကျွန်တော့်ကို အသေအချာ ရှင်းပြပါသည်။

သို့သော် အံ့သြစရာ တစ်ချက်မှာ ပုဂံ၊ ညောင်ဦး တစ်မြို့လုံးရှိ ဆေးဆိုင်များတွင် ကျွန်တော် တို့ အလိုရှိသော ထိုခွေးရူးပြန်ကာကွယ်ဆေး တစ်ဆိုင်မှာ မှ မရှိပါ။ သေချာအောင် ကျွန်တော် တို့က ကားနှင့် ပတ်၊ ကျွန်တော် တို့၏ ခရီးသွားကုမ္ပဏီမှ ပုဂံမြို့ ခံ မန်နေဂျာက ဆိုင်ကယ်ဖြင့် ပတ်၍ ဖတ်ဖတ်မောအောင်ရှာသော်လည်း ဆေးရှာမရချေ။ ဤတွင် နိုင်ငံခြားသူ မျက်နှာမှာ ပျက်သထက် ပျက်လာခဲ့ချေပြီ။

"တစ်ခုတော့ ရှိတယ်။ အဲဒီ ဆေးက ပခုက္ကူတို့၊ ချောက်တို့မှာ တော့ ရှိနိုင်တယ်။ သေချာတာ ကတော့ ပခုက္ကူသွားရင် အသေချာဆုံးပဲ"

ဆရာဝန်က ဆက်၍ အကြံပေး၏ ။

"ပခုက္ကူသေချာရင် ပခုက္ကူသွားမယ်။ ဒေါက်တာ . . . အဲဒီ ကို ဒီကနေ ကားနဲ့သွားရင် ဘယ်လောက် ကြာမလဲ"

"ကားနဲ့မသွားနဲ့၊ ကားက ကြာမယ်။ နောက်ပြီး ဟိုဘက်ကို ကူးဖို့ဇက်က မသေချာဘူး။ ဇက်စောင့်ရရင် ပိုကြာလိမ့်မယ်။ ကောင်းတာက ဒီညောင်ဦးကနေ ပဲ့ထောင်ငှားသွား၊ ခပ်မြန်မြန် မောင်းရင် ပခုက္ကူကို နှစ် နာရီလောက်ပဲ ကြာတယ်"

အကျိုး အကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ကျွန်တော် ရှင်းပြတော့ ဂလော်ရီယာက မျက်ကလဲဆန်ပျာ ဖြစ်သွားကာ -

"ဒါဆို ဒီမှာ တင် တစ်နာရီလောက် ကြာသွားပြီ။ ဟိုသွားဖို့က နှစ် နာရီ ဆိုတော့ သုံးနာရီ အချိန်ပုပ်ပြီပေါ့။ ကာကွယ်ဆေးက ဘယ်အချိန်အတွင်း ထိုးရမှာ လဲ။ ငါးနာရီအတွင်းလား၊ ခြောက်နာရီအတွင်းလား"

ကျွန်တော် က ဆရာဝန်ကို မြန်မာလို ဘာသာပြန်ပြီး မေးလိုက်တော့ ထိုဆရာဝန်အမျိုး သမီးက ပထမဆုံးအကြိမ်အ ဖြစ် နိုင်ငံခြားသူကို အင်္ဂလိပ်လို တိုက်ရိုက်ပြောလိုက်၏ ။ သူပြောသည်က -

"No time.As soon as possible"

ထိုစကားကို ကြားတော့ ဂလော်ရီယာ့မျက်နှာ ပိုပြီး သွေးဆုတ်သွားသည်။

ကျွန်တော် က ထိုစကားကို ရှင်းအောင် မြန်မာလို ထပ်မေးရာ ဒေါက်တာပြောသည်မှာ -

'အချိန်ရယ်၊ ဘာရယ် မဟုတ်ပါဘူး။ မြန်မြန်ထိုးတော့ ကောင်းတာပေါ့' ဟူ၏ ။

ဤတွင် ဆရာဝန်၏ 'နိုးတိုင်းမ်' ကို တိုးရစ်က အဓိပ္ပာယ် ကောက်ယူသည်မှာ 'အချိန် မရှိတော့ဘူး (ဝါ) အချိန်မမီတော့ဘူး' ဟူ၍ ဖြစ်သည်။ ဆရာဝန် ကတော့ စေတနာဖြင့် ပြောလိုက်ခြင်း ဖြစ်ပါသည်။ သို့သော် မြန်မာနှင့် အီတလီကြားတွင် အင်္ဂလိပ်ဘာသာကို ကိုယ့်အဓိပ္ပာယ်နှင့် ကိုယ် နားလည်သွားကြပါသည်။

ထို့နောက် ကားဖြင့် ကျွန်တော် တို့ ညောင်ဦး သဘော်ာဆိပ်သို့ တရကြမ်း မောင်းသွားကြသည်။ ပဲ့ထောင်တစ်စီးကို အမြန်ငှားရာ အသွားအပြန် ကျပ်တစ်သော င်း တောင်း၍ ကာလပေါက်စျေးထက် ပိုတောင်းမှန်း သိသော် လည်း ကျွန်တော် တို့မှာ အလျင်လိုနေသဖြင့် စက်ကို မြန်မြန်ခုတ်မောင်းပေးပါဟု တောင်းဆိုပြီး စျေးမဆစ်ဘဲ ငှားခဲ့ကြ၏ ။

စက်ကုန် ဖွင့်ကာ ဧရာဝတီမြစ်ကို ဆန်တက်နေသော ပဲ့ထောင်ကို ကျွန်တော် တို့က နှေးသည်ဟု ထင်နေမိသည်။

"မနှေးပါဘူး။ ကမ်းကိုကြည့်၊ တရိပ်ရိပ် သွားနေတာပဲ။ ဆရာတို့ကလောနေလို့ပါ" ဟု ပဲ့ထောင်ဆရာက ပြောသည်။

ဂလော်ရီယာ သက်သာအောင် လှေဝမ်းထဲတွင် ပက်လက် ကုလားထိုင်လေး ချထားရာ သူက ထိုကုလားထိုင်ပေါ်တွင် ညှိုး ငယ်စွာ ထိုင်ရင်း -

"ငါ ဒီနေရာမှာ သေမကျန်ခဲ့ချင်ဘူး။ ငါ ဒီနေရာမှာ မသေပါရစေနဲ့"

တွင် တွင် ကြီး ပြောကာ မျက်ရည်ဝဲလာ၏ ။

"လောလောဆယ် မင်း အသက်အန္တရာယ် လုံးဝ မထိခိုက်နိုင်ဘူး။ ဒါ့အပြင်

ကာကွယ်ဆေး ထိုးပြီးတာနဲ့ မင်း လုံးဝ စိတ်ချနေလို့ ရပြီ။ စိတ်မပူပါနဲ့"

ဟု ကျွန်တော် က မကြာခဏ အားပေးရသည်။

ORCHRES TRA TOUR မှ ပုဂံဇုန်မေနေဂျာမှာ အလွန် တော် ပါသည်။ ကျွန်တော် တို့ လာမည် ကို ကြိုတင်အကြောင်းကြား စီစဉ်ပေးသဖြင့် ပခုက္ကူဆိပ်ကမ်းမှ Publica ကားလေးတစ်စီး လာစောင့်နေသည်။ ပခုက္ကူမြို့ ၏ အထူးကု ဆေးခန်းကြီးရှေ့တွင် ကားထိုးရပ်လိုက်သော အခါ ကျွန်တော့် မှာ ထခုန်မိမတတ် ဝမ်းသာသွားလေသည်။ ဆေးခန်းရှေ့ မျက်နှာစာတွင် ခွေးတစ်ကောင် အစွယ်ကြီးနှင့် ပါးစပ်ဟနေသော ပုံ ပါသည့် ဂျာမနီလုပ် ခွေးရူးပြန် ရောဂါ ကာကွယ်ဆေး ကြော်ငြာကို တွေ့လိုက်ရ၍ ဖြစ်သည်။

ထိုဆေးမှာ အလွန်ဈေးကြီးလှသည်။ ထိုးဆေး တစ်လုံးလျှင် တစ်သော င်းနှင့် ဆေးပတ်အပြည့် သုံးလုံးစာအတွက် ငွေကျပ် သုံးသော င်း ကျသင့်၏ ။ ဆေးတွေ့တာကိုပဲ ကျေးဇူးတင်ရပါသည်။ နို့မို့ ပခုက္ကူမှာ ဆေးမရှိလျှင် ပုဂံသို့ ဘယ်လို ပြန်ရမှန်းပင် မသိတော့ပါ။

(ရန်ကုန်ရှိ ခရီးသွားကုမ္ပဏီကလည်း ဆေးမရမှာ စိတ်ပူ၍ ရန်ကုန်မှ ဆေးကို မီရာလေယာဉ်ဖြင့် ချက်ချင်း ပို့လိုက်ရာ ထိုနေ့ညက ပုဂံသို့ ဆေးရောက်လာသေးသည်။)

နောက်ထပ် အချိန်တစ်နာရီခန့် ကြာသော အခါ ကျွန်တော် တို့သည် ပုဂံဘက်သို့ ခုတ်မောင်းနေသော ပဲ့ထောင်ပေါ်တွင် စိတ်သက်သာစွာ လိုက်ပါလာလျက် ရှိသည်။ ပခုက္ကူတွင် နေ့လယ်စာ လည်းစားခဲ့ကြပြီးပြီ။ ဂလော်ရီယာ၏ ခြေသလုံးနှင့် ခြေချင်းဝတ်တွင် ပတ်တီးအသစ်စက်စက် ဖွေးဖွေးဖြူဖြူနှင့် -

"ဂလော်ရီယာ . . . မင်းလည်း သိပ်နေမကောင်းဘူး။ ပုဂံ ပြန်ရောက်ရင် လျှောက်မလည်ဘဲ ဟိုတယ်ကို ပြန်နားလိုက်နော်"

ဟု ကျွန်တော် က ပြောလျှင် -

"လှေဆရာကို ပြောပေးပါ။ ဖြစ်နိုင်ရင် ပုဂံကို ညနေ ၄ နာရီခွဲအမီ ရောက်အောင် မောင်းပေးပါ။ ငါ မီးပုံးပျံစီးဖို့ ရှိသေးတယ်" ဟု ပြန်ဖြေ၏ ။

စက်လှေကို အမြန်မောင်းသော်လည်း ကျွန်တော် တို့ ညောင်ဦးဆိပ်ကမ်းသို့ ရောက်တော့ ညနေ ၄ နာရီ ၂၀ ရှိချေပြီ။ ဟူး . . . တစ်နေ့လုံး အချိန်ကို လုနေရပါလား။ ဒီအချိန် ဟိုတယ်ပြန်လို့ မီးပုံးပျံကမ္ဘာ့ကြီးမှ လာကြိုသော ကားက ရှိတော့မည် မဟုတ်။ သူတို့က မည် သူ့ကိုမျှမစောင့်၊ အချိန်အတိအကျ လုပ်ကြသည်။

"ကဲ . . . မီလိုမီပြေး မီးပုံးပျံလွှတ်မယ့်ကွင်းကို လိုက်ကြည့်ပေးမယ်။ မီ . . . မမီတော့ အာမ မခံနိုင်ဘူး။ ကဲ . . . ကားဆရာရေ၊ ပုဂံဂေါက်ကွင်းအစပ်ကို အမြန်လိုက်ဗျာ . . ."

ကျွန်တော် တို့ကား ကွင်းစပ်သို့ အတင်းမောင်းဝင်လာချိန်တွင် မီးပုံးပျံမှာ မှုင်းဝနေပြီး ပျံတက်အံ့ဆဲဆဲအချိန် ဖြစ်သည်။ ဂလော်ရီယာ မလိုက် ဖြစ်ဘူးထင်၍ လူ တစ်ယောက် စာ လွှတ်နေလေရာ ကျွန်တော် ၏ သူငယ်ချင်း အီတလီဘာသာ ဧည့်လမ်းညွှန်ကောင်မလေးက အခမဲ့ လိုက်စီးဖို့ပင် နေရာယူနေလေပြီ။ ကျွန်တော် တို့ကို မြင်တော့ အားလုံးက လက်ခုပ်လက်ဝါး တီးပြီး ကြိုဆိုကြသည်။

မိနစ်အနည်းငယ်အတွင်း ပုဂံ၏ နေဝင်ချိန်ကို ကောင်းကင်အမြင့်မှ ခံစားမည် သူများ ကို မီးပုံးပျံကြီးက ဝေဟင်ဆီသို့ တစ်ဟုန်ထိုး ဆွဲခေါ်သွားသည်။ ဂလော်ရီယာက မီးပုံးပျံတွင် ချိတ်ဆွဲထားသော လူလိုက်ပါသည့်ကြိမ်ခြင်းကြီးထဲမှ ကျွန်တော် နှင့် သူ့ယောက်ားကို လက်တပြပြ လုပ်နေသည်။

မနက်ကမှ ဒီနေရာမှာ သေမကျန်ခဲ့ပါရစေနဲ့ဟု မျက်ရည်ဝဲလျက်ပြောခဲ့သော သူက ယခု ညနေ၌ မီးပုံးပျံပေါ်တွင် ရယ်ကာ မောကာနှင့် လိုက်ပါသွားသည့်အပြင် မြေပြင်ပေါ်တွင် ရပ်ကျန်နေခဲ့သော ကျွန်တော် တို့ကို ဝါးသုံးရိုက်လောက် အမြင့်မှ ဓာတ်ပုံ တဖျပ်ဖျပ် ရိုက်လိုက်သေး၏ ။

တတ်လည်း တတ်နိုင်ကြသော လူများ ပေတကား။

(စာကြွင်း-မစ္စဂလော်ရီယာကို ကိုက်သွားသော ခွေးရူးကို သက်ဆိုင်ရာမှ ထိုနေ့တွင် ပင် ရှာဖွေ သုတ်သင်လိုက်ပါကြောင်း)

ရုပ်ရှင်တေးကဗျာ ရသစုံမဂ္ဂဇင်း၊ စက်တင်ဘာ ၂၀၀၃။

# မြန်မာပြည်သို့ ငါးကြိမ်ဆက်တိုက် လာလည်သော တိုးရစ်နှစ် ဦး

ကျွန်တော် သည် ၁၉၉၅ ခုနှစ် မှ စကာ လိုင်စင်ရ ဧည့်လမ်းညွှန်အ ဖြစ် စတင်လုပ်ကိုင်ခဲ့ရာ ယနေ့အချိန်အထိ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် ထောင်နှင့် ချီ၍ တွေ့ကြုံဝန်ဆောင်မှု ပေးခဲ့ရပြီး ဖြစ်ပါသည်။ နှစ် ပေါင်းများ စွာ ကြာမြင့်လာသော အခါ မိမိ လိုက်ပါ လမ်းညွှန်ပေးခဲ့ရဖူးသော ဧည့်သည် အားလုံးကို မမှတ်မိတော့။ ခင်မင်ရင်းနှီးလွန်းသော သူ ယနေ့တိုင် အဆက်အသွယ် ရှိနေသူ၊ ထူးထူးခြားခြား ဖြစ်ရပ်များ နှင့် တွေ့ကြုံရသူ အချို့ ကိုသာ မှတ်မိပါတော့သည်။

ဥပမာ- ဘဝတွင် ဧည့်လမ်းညွှန်အ ဖြစ် ပထမဆုံး စတင် တာဝန်ယူလိုက်ပြပေးခဲ့ရသော ဆွစ်ဇာလန် လင်မယား၊ ပုဂံ၌ ခွေးရူးကိုက်ခံရသော အီတလီ အမျိုး သမီး၊ ဒေါ်လာတစ်သော င်း ပျောက် သွားပါသည် ဆို၍ လိုက်ရှာပေးရသော ဂျာမန်ကြီး၊ ရေနွေးငွေ့ မီးရထားစက်ခေါင်း ခရီးစဉ်အဖွဲ့ ခေါင်းဆောင်အင်္ဂလိပ်ကြီး စသည်ဖြင့် ဖြစ်သည်။

၎င်းအပြင် ကျွန်တော် နှင့် သားသမီးလို၊ မိဘလို ခင်မင် သံယောဇဉ် ဖြစ်သွားသော အင်္ဂလိပ် အဘိုးကြီး၊ အဘွားကြီး နှစ် ယောက် လည်း ရှိပါသေးသည်။ သူတို့နှင့် ကျွန်တော် ဘယ်လောက် ရင်းနှီးသွားသလဲ ဟူမူ ပြည်မြို့ ရှိ ကျွန်တော့် မိဘများ အိမ်သို့လည်း သူတို့ ရောက်ဖူးသည်။ မြောက်ဥက္ကလာ၊ သုနန္ဒာ (၁၂) လမ်းရှိ ကျွန်တော့် အိမ်သို့လည်း သူတို့ ရောက်ဖူးသည်။ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ ရှိ အဘိုးကြီး အိမ်မှာ လည်း ရက်ပေါင်းများ စွာ ကျွန်တော် တည်းခို နေထိုင်ဖူးသည်။ Little Bloxwich ဆိုသော မြို့ ငယ်လေးမှာ နေသော အဘွားကြီး အိမ်မှာ လည်း တည်းခို နေထိုင်ဖူးသည်။ သူတို့လည်း မြန်မာနိုင်ငံသို့ ငါးကြိမ်တိတိ လာရောက်လည်ပတ်ဖူးလေသည်။

အမှန်စင်စစ် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ သည် တစ်နိုင်ငံတည်းသို့ လေး ငါးခေါက် သွားရိုးထုံးစံ မရှိ။ စီးပွားရေး ကိစ္စ၊ လုပ်ငန်းကိစ္စကြောင့် အိမ်ဦးနှင့် ကြမ်းပြင် ဝင်ထွက် သွားလာချင် သွားလာကြမည် ဖြစ်သော် လည်း ကိုယ့်ငွေနှင့် ကိုယ်

အပျော်ခရီးထွက်ရာတွင် မူကား မည် သူမဆို တစ်နှစ် တစ်ခါ မတူညီသော ဒေသ၊ မတူညီသော လူမျိုး များ ဆီသို့သာ သွားကြမည် ဖြစ်သည်။

သို့သော် မစ္စတာကင်ဟတ်ဟာဒီနှင့် နန်စီဂျက်ဖရီတို့ကား ထိုသို့မဟုတ်။ မြန်မာမှ မြန်မာ ဖြစ်ကာ ဘယ်သူတွေ ဘာပဲပြောပြော နှစ် စဉ် မြန်မာပြည်ကိုပဲ ရောက်လာစမြဲ ဖြစ်သည်။

သူတို့ကား အသက်ကြီးလှပြီ။

သူတို့ကို ပထမဆုံး စတွေ့သော ၁၉၉၇ တွင် အဘိုးကြီးက အသက် ၈၀၊ အဘွားကြီးက အသက် ၇၅ နှစ် ရှိပြီ။ ထိုနှစ် က သူတို့ မြန်မာပြည်သို့ ပထမဆုံး စရောက်ဖူးခြင်း ဖြစ်သည်။ သူတို့က မြန်မာပြည်မှာ ၂၈ ရက် ဗီဇာပေးကာ လာလည်ခွင့်ပြု ထားတာကို မသိကြ။ ယခင် Tourist Burma ခေတ်ကလို တိုးရစ်ဗီဇာ ၇ ရက်သာ ပေးသည် ထင်၍ မလာကြဘဲ ထိုင်းနိုင်ငံကို သွားလည်ကြရာ ချင်းမိုင်သို့ ရောက်မှ မြန်မာပြည်သို့ အဲမန္တလေးမှ ချင်းမိုင်-ရန်ကုန်ခရီးစဉ် ရှိကြောင်း၊ ဗီဇာလည်း လွယ်လွယ်ရကြောင်း သိရသဖြင့် အစမ်းသဘောအ ဖြစ် ပထမဆုံးအကြိမ် ၇ ရက်ခရီး လာလည်ဖြင်း ဖြစ်သည်။

ထိုစဉ်က ခရီးတိုအ ဖြစ် ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ မုံရွာ၊ လားရှိုးမြို့ များ သို့ သွားရောက်လည်ပတ်ခဲ့သည်။ ပထမ တစ်ခေါက်နှင့် ပင် မြန်မာပြည်ကို သူတို့ သဘောအကျကြီး ကျသွား၏ ။ ကျွန်တော် နှင့် လည်း မြင်မြင်ချင်းပင် မိသားစုလို ခင်မင်ရင်းနှီးသွားသည်။ အသက်ကြီးသော သူတွေ မို့ ကိုယ်ကလည်း အဘိုး၊ အဘွားလို၊ အဖေ၊ အမေလို သဘောထားကာ စောင့်ရှောက်ရသည်။

ကျွန်တော့် တို့ဆီမှာ ဒီအရွယ်က သိပ်ပြီး ခရီးမသွားတော့။ ဘုရားနှင့် ကျောင်းနှင့် အေးအေးလူလူ နေရမည့် အရွယ်။ သားနှင့် မြေးနှင့် သိုင်းသိုင်းဝိုင်းဝိုင်း ရှိနေရမည့် အရွယ်။ ဘဝကူးကောင်းအောင် အားထုတ်ရမည့် အရွယ်ပင် ဖြစ်သည်။ သို့သော သူတို့ဘဝနှင့် သူတို့ဓလေ့ ကျွန်တော် တို့နှင့် များ စွာ ကွာခြားသည်။ အိမ်မှာ နေရတာ သူတို့အတွက် ပျော်စရာ သိပ်မရှိ။ သားသမီးတွေ ၊ မြေး၊ မြစ်တွေ အားလုံး ကိုယ့်ဘာသာ

သတ်သတ်ခွဲနေကြသဖြင့် အဘိုးကြီး၊ အဘွားကြီးမှာ အထီးကျန်နေသည်။ သူတို့ဆီမှာ လူငယ်တွေ က လူကြီးသူမတွေ ကို သိပ်ပြီး ခေါ်ခေါ်ပြောပြော လုပ်လေ့မရှိ၍ သူတို့မှာ စကားပြောဖော်ငတ်နေသည်။ ထို့ကြောင့် အိမ်မှာ နေလည်း ငွေကုန်မည့် အတူတူ ကုန်မည် ပိုက်ဆံကို ခရီးသွားရာတွင် အသုံးပြုလိုက်သည်။

ဤသို့ဖြင့် အာရှတိုက်သို့ သူတို့ ရောက်လာကြသည်။ ခြောက်သွေ့နေသော သူတို့ဘဝမှာ တဒင်္ဂ စိုပြည်လာပြန်သည်။

ဤအဘိုးကြီး၊ အဘွားကြီးမှာ လင်မယား မဟုတ်၊ သူငယ်ချင်း၊ ခရီးသွားဖော်ဟု ပြောသည်။ သို့သော် တည်းခိုရာတွင် တစ်ခန်းတည်း အတူတည်းသည်။ သူတို့အတွက်တော့ မဆန်း။ ကျွန်တော် တို့အနေနှင့် တော့ ဆန်းနေသည်။ ဒါသည်ပင် အရှေ့နှင့် အနောက်၏ ခြားနားမှု ပဲ ဖြစ်မည် ထင်သည်။

ပထမဆုံး ခရီးစဉ်မှာ ပင် မြန်မာနိုင်ငံအတွက် ဂုဏ်တက်စရာ ကိစ္စတစ်ခုနှင့် ကြုံ ရ၏ ။ မန္တလေး-လားရှိုး အမြန်ရထားပေါ်မှာ ဖြစ်သည်။ အဘိုးကြီးမစ္စတာဟာဒီသည် အိမ်သာ တက်ပြီး သူ၏ ပိုက်ဆံအိတ်ကို အိမ်သာထဲမှာ မေ့ပြီး ထားခဲ့၏ ။ ပိုက်ဆံအိတ် ခါးပတ်ကို အိမ်သာထဲကို ချိတ်ထားရာမှ မေ့ပြီးထားခဲ့ခြင်း ဖြစ်သည်။ ကျွန်တော် ကလည်း ထိုအ ဖြစ်အပျက်ကို မသိသဖြင့် အေးအေးလူလူပဲ ရထားပေါ်ဝယ် လိုက်ပါလာခဲ့၏ ။ နှစ် နာရီခန့် ကြာသွားသော အခါမှ အိမ်သာထဲမှ ထွက်လာသော ခရီးသည် တစ်ယောက် က လာပြော၏ ။ ပိုက်ဆံအိတ်တစ်လုံး အိမ်သာထဲတွင် တွေ့သည်တဲ့ တိုးရစ်ကြီး တအား အံ့သြဝမ်းသာသွားသည်။

"အဲဒီ ပိုက်ဆံအိတ်ထဲမှာ နိုင်ငံကူးလက်မှတ်တွေ ၊ ဒေါ်လာတွေ ၊ စတာလင်ပေါင်တွေ ၊ အခြား တန်ဖိုးရှိတာတွေ အများ ကြီးပါတယ်။ ဒီလိုရိုးရိုးသားသား ပြန်ပေးတာကို အလွန်လည်း အံ့သြရတယ်။ မယုံ မရှိနဲ့ အင်္ဂလန်မှာ ဆို သွားပြီ။ ဆုံးပြီလို့သာ မှတ်လိုက်။ ဘယ်သူမှ ပြန်ပေးမှာ မဟုတ်ဘူး။ တမင်တကာ လိုချင်လို့ကို လိုက်နှိုက်နေကြတာ။ ဒီလို အချောင် ရတာ မျိုး တော့ ဘယ်အလွတ်ပေးပါ့မလဲ"

ၾင်းခရီးစဉ်မှာ ပင် အဘွားကြီး နန်စီကလည်း မြန်မာနိုင်ငံကို အလွန်သဘောကျသွား၏ ။ သူမသည် မြန်မာနိုင်ငံနှင့် ရေစက်ရှိသူတစ်ဦး ဖြစ်သည်။ သူသည် ယခုအခါ မုဆိုးမတစ်ဦး ဖြစ်သည်။ သူ့အမျိုး သားသည် ဒုတိယ ကမ္ဘာစစ်အတွင် းက စစ်သားတစ်ဦး ဖြစ်ပြီး မြန်မာပြည်တွင် တာဝန် ထမ်းဆောင်ဖူးသည်။ စစ်ကြီး ပြီး၍ အင်္ဂလန်သို့ ပြန်ရောက်သော အခါ သူ ရောက်ခဲ့သော မြန်မာနိုင်ငံ သာယာလှပပုံများ ကို တဖွဖွ ပြောသည်။ ထိုစဉ်က နန်စီသည် သူ့ခင်ပွန်း တော် မီ ပြောသည်များ ကို စိတ်လည်း မဝင်စား၊ အလေးအနက်လည်း မထားခဲ့ပေ။ ဤကိစ္စနှင့် ပတ်သက်ပြီး နန်စီက-

“တော် မီ (ဆုံးသွားသော နန်စီ၏ ခင်ပွန်း) က ၁၉၄၂ ကနေ ၁၉၄၆ အထိ မြန်မာပြည်မှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဂျပန်တွေ ကို မြန်မာပြည်ကနေ ပြန်တိုက်ထုတ်တဲ့ အချိန်လောက်ကပါ။ သူက ရန်ကုန်၊ ပဲခူး၊ မိတ္ထီလာ၊ မြစ်ကြီးနားမြို့ တွေ မှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ စစ်ကြီးပြီးတော့ သူအင်္ဂလန်ကို ဘေးမသီ ရန်မခဘဲ ပြန်ရောက်လာခဲ့ပါတယ်။ အဲဒီ အချိန်က စပြီး မြန်မာပြည် အကြောင်း၊ ရွှေတိဂုံဘုရား အကြောင်း၊ ဧရာဝတီနဲ့ ချင်းတွင် းမြစ်အကြောင်း၊ ပဲခူးရိုးမအကြောင်း အပ်ကြောင်းထပ်လောက် အောင် သူ့ဆီက ကြားခဲ့ရပါတယ်။ စစ်ကာလကြီးမှာ ကသုတ်ကရက်နဲ့ တွေ ့ခဲ့ရတာ တောင် ရွှေတိဂုံဘုရားရဲ့ လှပပုံ၊ ဆွဲဆောင်မှု ရှိပုံတွေ ကို သူချီးမွမ်းလို့ မဆုံးပါဘူး။

ကျွန်မ ကတော့ တော် မီ ပြောတဲ့ မြင်ကွင်းကို မျက်စိထဲမှာ တောင် မြင်ယောင် ပုံဖော်လို့ မရဘူး။ အခု ရန်ကုန်ကို ရောက်လို့ ရွှေတိဂုံဘုရားရင်ပြင်တော် ပေါ် ရောက်မှပဲ တော် မီ ပြောတာတွေ ဟာ လိုတောင် လိုပါသေးလားလို့ သဘောပေါက်မိပါတယ်။ ရွှေတိဂုံဘုရားဟာ ခုနစ် ရက် ဆက်တိုက် နေ့စဉ် လာပြီး လေ့လာကြည့်ရှုရင်တောင် ကြည့်စရာ ကုန်သွားမှာ မဟုတ်ပါဘူး။ အလွန်စိတ်ဝင်စားဖို့ ကောင်းပါတယ် ဓာတ်ပုံထဲမှာ ကြည့်ရတဲ့ ရွှေတိဂုံနဲ့ ကတယ့် ရွှေတိဂုံက လုံးဝကို ခြားနားပါတယ်။

ဓာတ်ပုံထဲမှာ ၊ ပို့စကတ်ထဲမှာ က ရွှေရောင် စေတီတစ်ခုကိုပဲ မြင်ရမှာ ။ တကယ် လာကြည့်တော့ ဘုရားဆင်းတုတွေ ၊ နတ်ရုပ်တွေ ၊ တန်ဆောင်း၊ သစ်သား ကနုတ်ပန်းတွေ ၊

မှန်စီရွှေချတွေ ၊ ဘုရားဖူးတွေ ၊ နောက်ပြီး ဓာတ်ပုံထဲမှာ မပါတဲ့ ဘာသာရေး အငွေ့အသက်တွေ ၊ ငြိမ်းချမ်း အေးမြမှု တွေ ကို တအံ့တသြ တွေ့ လိုက်ရပါတယ်”

ဟု ဝန်ခံ ပြောကြားသွားသည်မှာ ဂုဏ်ယူဖွယ် ကောင်းပေသည်။

ဤသို့ ပထမအကြိမ်မှာ ပင် အကြိုက်တွေ့ခဲ့သော မြန်မာပြည်ကို နှစ် စဉ် ဆိုသလို တစ်နှစ် တစ်ခေါက်၊ တစ်ခါတစ်ရံ နှစ် နှစ် တစ်ခေါက်နှုန်းဖြင့် မစ္စတာကင်ဟတ်ဟာဒီနှင့် နန်စီဂျက်ဖရီတို့ မှန်မှန်ကြီးကြီး ပြန်လာကြသည်။ အဘိုးကြီး မစ္စတာဟာဒီမှာ လည်း စစ်သားဟောင်းကြီးတစ်ဦး ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ၌က အရှေ့အလယ်ပိုင်း သဲကန္တာရတွင် တာဝန်ကျခဲ့သည်။ မြန်မာပြည်သို့ ၁၉၉၇ တွင် မှ နန်စီနှင့် အတူ ရောက်ဖူးခြင်း ဖြစ်သည်။

ယခင်က မြန်မာပြည်သို့ မရောက်ဖူးသော်လည်း စစ်ပြန် စစ်မှု ထမ်းဟောင်းကြီးပီပီ မြန်မာပြည်မှ အင်္ဂလိပ်-ဂျပန် တိုက်ပွဲများ အကြောင်းကို စိတ်ဝင်စားသည်။ စာအုပ်စာတမ်းများ ကို ဖတ်ရှုလေ့လာထားသည်။ မြန်မာနိုင်ငံသို့ လာတိုင်းလည်း အင်္ဂလိပ်-ဂျပန် တိုက်ပွဲ ဖြစ်ရာ နေရာများ ကိုပဲ အဓိကထား၍ သွားကြည့်သည်။ ငါးခေါက်စလုံး ကျွန်တော့် ကိုပင် ဧည့်လမ်းညွှန်အ ဖြစ် ငှားသဖြင့် တစ်ယောက် အကြောင်း တစ်ယောက် သိကာ အလွန်ခင်မင်နေ၏ ။ သူတို့နှစ် ယောက် မှာ အသက်သာ ကြီးသော်လည်း သွားရောက်လည်ပတ်သော အခါ ဒုတိယကမ္ဘာစစ်အတွင်း ၌က နေရာ တော် တော် များများ သို့ ကြုံကြုံဖန်ဖန် ဝေးလံခေါင်ဖျားလည်း သွားကြသည်။ ရခိုင်ပြည်နယ်မှ စစ်တွေ ၊ မြောက်ဦး၊ ရမ်းဗြဲကျွန်း၊ ကျောက်ဖြူစသော နေရာများ ၊ စစ်ကိုင်းတိုင်းမှ ကလေး၊ ကလေးဝ၊ မော်လိုက်၊ ကချင်ပြည်နယ်မှ ဖားကန့်၊ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်း စသော အရပ်များ ၊ မွန်ပြည်နယ် ကျိုက္ခမီ၊ စက်စဲ၊ သံဖြူဇရပ်၊ မုဒုံ၊ မော်လမြိုင်၊ ကရင်ပြည်နယ် ဘားအံ စသည့် အရပ်မျိုး စုံသို့ ရောက်ခဲ့သည်။ စစ်ကိုင်းတိုင်း နဘား။ ကသာမြို့ များ သို့လည်း ရောက်သည်။ ပြည်၊ တောင်ကုတ်လမ်းမှ ပေလီသို့လည်း ရောက်သည်။

ပြည်မှ တောင်ကုတ်သို့ သွားသော လမ်းကို သူတို့ တော် တော်

သဘောကျသည်။ ရိုးမဆိုသည့်ကို စာထဲမှာ သာ ကြားဖူးပြီး ရခိုင်ရိုးမကို ကားဖြင့် ဖြတ်ကျော်သော အခါ တောကြီး၊ တောင်ကြီး၊ စိမ့်ကြီး၊ မြိုင်ကြီးကို တအံ့တသြ ကြည့်ရှု ငေးမောကြသည်။

“ဒီလို တောကြီးမျိုး ဟာ ငါတို့ အင်္ဂလန်မှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး။ ငါတို့ ဗြိတိသျှစစ်သားတွေ ဟာ ဒီလို တောအုပ်ထဲမှာ တစ်ခါမှ စစ်မတိုက်ဖူးတော့ တအား ခက်ခဲမှာ ပဲ”

ဟု တဖွဖွ ပြောသည်။ ၁၉၉၈ ခုနှစ် လောက်က ဗန်းမော်မှ ကသာသို့ သင်္ဘောဖြင့် ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းကြရာတွင် လည်း မြစ်ကမ်းဘေးမှ အချို့ နေရာများ မှာ ပကတိ တောအုပ်ကြီးအတိုင်း ရှိနေသေးသဖြင့် သူတို့နှစ် ယောက် တအံ့တသြ ကြည့်ရှုကြပါသည်။

ကင်နှင့် နန်စီသည် အင်္ဂလန် တစ်နိုင်ငံတည်းမှ ဖြစ်သော်လည်း ဘာသာရေး ယုံကြည် ချက်ချင်း မတူပါ။ နန်စီက ရိုမန်ကက်သလစ် ခရစ်ယာန် ဘာသာဝင် ဖြစ်သော်လည်း ဗုဒ္ဓဘာသာကို စိတ်ဝင်စားသည်။

“ညီ . . . နင် ပြောသလို နောက်ဘဝဆိုတာ ရှိခဲ့ရင် ငါ မြန်မာပြည်မှာ ပဲ လူ ဖြစ်ချင်တယ်”

ဟု ပြောလေ့ရှိသည်။ ရောက်လေရာ မြို့၊ ရွာများ ရှိ တန်ခိုးကြီး ဘုရားများ တွင် ဗုဒ္ဓရုပ်ပွားတော် များ အား ဦးချကန်တော့လေ့ ရှိသည်။

မစ္စတာကင် ကတော့ တစ်မူထူးသူ ဖြစ်သည်။ သူ ‘ဘယ်ဘာသာကိုးကွယ်သလဲ’ ဟု ကျွန်တော် မေးကြည့်ရာ-

“ငါ ဘယ်ဘာသာကိုမှ မကိုးကွယ်ဘူးကွ၊ ဘုရားသခင် ရှိတယ်ဆိုတာလည်း ငါ မယုံဘူး၊ တခြားဘာသာတွေ ကိုလည်း ငါ မယုံဘူး။ နောက်ဘဝ ရှိတယ် ဆိုတာလည်း မယုံဘူး။ ငါ ယူဆတာက လူဆိုတာ ပန်းပင်လေးတစ်ပင်လိုပဲ၊ သေသွားရင် ပြီးသွားပြီ၊ ဘာမှ ရှေ့ဆက်ပြီး မရှိတော့ဘူး”

ဘာသာတရားကို ရှုမြင်ရာ၌ ကွဲပြားသော်လည်း သူတို့ နှစ် ယောက် လုံးသည် ပျော်ပျော်နေတတ်သည်။ ပစ္စုပ္ပန်ကို တည့်တည့်ရှုသည်။ ကလေးချစ်တတ်သည်။ ၁၉၉၈ က ပြည်မြို့ သို့ သွားလည်စဉ် လသားအရွယ် ရှိသေးသော ကျွန်တော့် သားလေးကို အဘိုးကြီးက သေသေချာချာ ပွေ့ချီ၍ ချော့မြှူဖူးသည်။

မော်လိုက်မြို့ သို့ သွားစဉ်ကလည်း နိုင်ငံခြားသားများ ကို မြင်ဖူးနေကျ မဟုတ်သဖြင့် နောက်မှ တကောက်ကောက် လိုက်နေသော ကလေးများ ကို အရုပ်များ ၊ မုန့်များ လက်ဆောင်ပေးကာ ကလေးတစ်အုပ်နှင့် တရုန်းရုန်း ဖြစ်နေတတ်သည်။ ရမ်းဗြဲသို့ ရောက်စဉ်ကလည်း မျက်နှာဖြူများ ကို မမြင်ဖူး၍ လာကြည့်ကြသော ကလေး၊ လူကြီး ပရိသတ်ကို အိမ်ရှေ့ ဝရန်တာတွင် ထွက်ကာ အဘွားကြီးနန်စီက ဂိုးဂိုး၊ ချားချား စသော အကများ ဖြင့် ကပြဖျော်ဖြေနေသဖြင့် လူအုပ်ကြီးက တိုးဝှေ့ ကြည့်ရှုနေကြဖူးသည်။ လူတွေ က သူတို့ကို ကြည့်၍ ပျော်သည်။ သူတို့ကလည်း လူတွေ ကို တစ်ခုခု လုပ်ပြရ၍ ပျော်သည်။

ကျွန်တော် လည်း သူတို့ လာလျှင် ပျော်သည်။ သူတို့ လာမှ သွားနေကျ လမ်းကြောင်းမှ ဖဲ့ထွက်ကာ ချောင်ကြို ချောင်ကြား၊ ပေါက်ပေါက်ရှာရှာနေရာများ သို့ ရောက်သည်။ လားရှိုးမြို့ ကို ရောက်စဉ် ရေပူစမ်းသို့ သွားကာ ရေသွားချိုး ကြသည်။ ကျိုင်းတုံမှတစ်ဆင့် လွယ်မွေသို့ သွားရာ မိဘမဲ့ ခရစ်ယာန် ကျောင်းတစ်ကျောင်းသို့ သွားလည်ပြီး ကလေးများ နှင့် ခရစ်စမတ် သီချင်းများ သံပြိုင်ဆိုကြသည်။ လားရှိုးမြို့ သို့ ရောက်စဉ် တရုတ်ဘုံကျောင်း တစ်ခုသို့ ရောက်ခိုက် သတ်သတ်လွတ် ထမင်း ဟင်းများ ကျွေးမွေးနေတာ တွေ့သဖြင့် အလှူရှင်များ ကလည်း ဖိတ်ခေါ်သော ကြောင့် ကျွန်တော် တို့ သုံးယောက် ဝင်ကြိတ်ကြသည်။

ညနေရာ၌ တချို့ သော တိုးရစ်များ သည် ဒေသခံများ က ထမင်း၊ မုန့်ဟင်းခါး စသည်များ ကို ခင်မင်မှု ဖြင့် စား သွားပါဦးဟု ကျွေးလျှင် မြန်မာများ ကျွေးသော အစားအစာများ ကပဲ မသန့်သလိုလို၊ မသတီသလိုလို၊ ကျန်းမာရေး နှင့် ပဲ မညီညွတ်သလိုလို လုပ်ကာ အဆိပ်များ ကို ကျွေးနေသည့်သဖွယ် ရှုံ့ရှုံ့မဲ့မဲ့နှင့် ငြင်းဆန်တတ်သည်။ ထိုအခါမျိုး ၌ ကျွန်တော့် စိတ်ထဲမှာ ကိုကျတ်၍ မခံချင် ဖြစ်နေတတ်သည်။ ကျွန်တော့် ဧည့်လမ်းညွှန်

လုပ်သက် ဆယ့်ခြောက်နှစ် အတွင်း ရရှိလာသော အတွေ့အကြုံများ အရ အစာအဆိပ်သင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းတို့မှာ လမ်းဘေးတွင် စားခြင်း၊ ဆိုင်ကြီးတွင် စားခြင်းတို့နှင့် မဆိုင်။ အခန့်မသင့်က ဖြစ်သည်သာ ဖြစ်သည်။ ဟိုတယ်ကြီးများ ၊ အဆင့်မြင့် စားသောက်ဆိုင်ကြီးများ တွင် သာ စားသောက်သော် လည်း ဝမ်းပျက်ဝမ်းလျှောကာ ဆေးခန်းသို့ လိုက်ပို့ရသော တိုးရစ်ပေါင်း မနည်းပြီ။ လမ်းဘေးမှ မုန့်ဟင်းခါး၊ လက်ဖက်ရည် အီကြာကွေး၊ စမူဆာ၊ ဘိန်းမုန့် စသည်ဖြင့် တစ်လမ်းလုံး ဝယ်စားပြီးမှ ဘာမှမ ဖြစ်သော ဧည့်သည်များ လည်း တွေ့ဖူးပေသည်။ ထို့ကြောင့် တရုတ်ဘုံကျောင်းမှ ကျွေးသော ထမင်းနှင့် သက်သက်လွတ်ဟင်းကို စားချင်သည်ဟု သူတို့က လက်ခံလိုက်တော့ ကျွန်တော် က မကန့်ကွက်ဘဲ လက်ခံလိုက်ခြင်း ဖြစ်သည်။ ဤသို့ ကျွန်တော် ၊ ကင်နှင့် နန်စီတို့မှာ မြန်မာပြည်တစ်ခွင် ပြဲပြဲစင်သွားအောင် အတွဲ ညီခဲ့ကြပေသည်။

နောက်ဆုံးတစ်ခေါက် ရောက်လာသော အခါ သူတို့မျက်နှာ မကောင်းပါ။ ကျန်းမာရေး မှာ လည်း ယခင်အခေါက်များ ကလို သိပ်မကောင်းတော့ပါ။ အဘွားကြီးမှာ သွားနိုင် လာနိုင် ရှိသေးသော် လည်း အဘိုးကြီးမှာ လမ်းသိပ်မလျှောက်နိုင်သဖြင့် ဝှီးချဲပေါ်တွင် တင်၍ ကျွန်တော် က တွန်းရပါသည်။ သူလာမည် ဆိုတာ သိ၍ စူပါဝမ်းကုန်တိုက်မှ ဝှီးချဲတစ်ခုကို ကျွန်တော် ကြိုတင်ဝယ်ထားခြင်း ဖြစ်သည်။ ဤဝှီးချဲကို ကြိုက်လွန်းသဖြင့် အင်္ဂလန်ပြန်တော့ ရအောင် သယ်သွားသေးသည်။ ထိုအခါ အဘိုးကြီးမှာ ၈၈ နှစ် ၊ အဘွားကြီးမှာ ၈၃ နှစ် ရှိပေပြီ။ အဘိုးကြီးမှာ ဒူးဆစ်ရိုး မကောင်းသဖြင့် ခွဲစိတ်ထားရသည်။ နားအကြားအာရုံလည်း မကောင်းသဖြင့် နားကြားကိရိယာ (Hearing Aid) တပ်ထားရသည်။ အဘွားကြီးမှာ လည်း မြန်မာပြည်သို့ ဒုတိယအကြိမ် ရောက်စဉ်က ထောက်ကြံ့စစ်သချိုင်းတွင် ဝမ်းလျှားမှော က် ပစ်လဲထားသဖြင့် ဒူးဆစ်ကြီး ယခုထက်တိုင် ရောင် ကိုင်းနေသည်။ မျက်စိမှာ လည်း တိမ်ကွယ်နေသဖြင့် ခွဲစိတ်ထားရ၏ ။ တစ်ခု ကောင်းသည်မှာ သူတို့နိုင်ငံ၏ လူမှု ဖူလုံရေး စနစ်အရ ဆေးကုသစရိတ်၊ ခွဲစိတ်ခ၊ နားကြားကိရိယာ စသည်များ ကို ကာယကံရှင်က တစ်ပြားမှ ကုန်ကျခံစရာ မလို။ နိုင်ငံတော် မှ အားလုံး အခမဲ့ အကုန်အကျခံတာဝန်ယူကာ ဆောင်ရွက်ပေးလေသည်။

ပဥ္စမနှင့် နောက်ဆုံးအခေါက် သူတို့ ရောက်လာစဉ်က ကျွန်တော့်ကို တွေ့သည်နှင့် -

"ညီ . . . ဒီတစ်ခေါက်ဟာ မြန်မာနိုင်ငံကို ငါတို့ လာတာ နောက်ဆုံးပဲ။ အသက်တွေ က ကြီးလို့ ကျန်းမာရေး မကောင်းတာနဲ့ နောက်ဆို ဘယ်နိုင်ငံကိုမှ သွားနိုင်မှာ မဟုတ်တော့ဘူး။ ငါ့မှာ နှလုံး ရောဂါ လည်း ရနေပြီ။ ငါ့ကို တွေ့ချင်ရင် မင်းသာ အင်္ဂလန်ကို လာခဲ့ပါတော့ကွာ"

ကျွန်တော် လည်း မိဘသဖွယ် ဖြစ်နေသော သူတို့ကို နောင်အခါတွေ့ရမှာ မဟုတ်တော့ဘူး ဟူသော စကားကြောင့် ငိုင်ကျသွား၏ ။ ကျွန်တော့် အကြောင်း၊ ကျွန်တော် မိသားစုအကြောင်းကို သူတို့ အကုန်သိပါသည်။ ထို့အတူ သူတို့အကြောင်း၊ သူတို့မိသားစုအကြောင်းကိုလည်း သိသင့်သလောက် ကျွန်တော် သိပါသည်။

အဘိုးကြီးသည် အိမ်ထောင်နှစ် ဆက်ကျခဲ့ပြီး နှစ် ခုလပ် ဖြစ်ပါသည်။ သူ့မှာ သမီး တစ်ယောက် ရှိပြီး ထိုသမီးမှာ သူနှင့် အတူမနေပါ။ သူ့အိမ်ထောင်နှင့် သူ ဖြစ်သည်။ တစ်ခါတစ်ရံမှသာ သူ့ဆီ လာပါသည်။ အဘိုးကြီးသည် လန်ဒန်က တိုက်ခန်းတွင် အထီးကျန်စွာ တစ်ယောက် တည်း နေပါသည်။

အဘွားကြီး နန်စီမှာ တော့ မုဆိုးမတစ်ဦး ဖြစ်သည်။ သူကိုယ်တိုင် ကတော့ သူနာပြုဆရာမ ပင်စင်စား ဖြစ်သည်။ သူ့ယောက်ျားအတွက် ပင်စင်ငွေတစ်လလျှင် မုဆိုးမပင်စင်ကြေး စတာလင်ပေါင် ၂၇၀ (၄၂၈ ဒေါ်လာ)၊ သူမအတွက် သူနာပြုပင်စင်ငွေ တစ်လလျှင် ပေါင် ၂၅၀ (၃၉၆ ဒေါ်လာ)၊ အခွန်အ ဖြစ် တစ်လလျှင် ပေါင် ၉၀ ( ၁၄၂ ဒေါ်လာ) ဆောင်ရ၍ ပင်စင်နှစ် ခုအတွက် အသားတင် ပေါင် ၄၃၀ (၆၈၂ ဒေါ်လာ) ရပါသည်။ ထိုငွေသည် သူတို့နိုင်ငံ လူနေမှု စရိတ်ဖြင့် အပိုလျှံကြီး မဟုတ်သော် လည်း လူတန်းစေ့လောက်အောင် သုံးနိုင်ပါသည်။ ငွေရေး ကြေးရေး အတွက် မိမိဘာသာ အမှီအခိုကင်းကင်း ရပ်တည်နိုင်ပါသည်။

ထို့ကြောင့် သူတို့နိုင်ငံတွင် အဘိုးကြီး၊ အမယ်ကြီးများ မှာ မိမိဘာသာ

တစ်ယောက် တည်း ခပ်ကင်းကင်း နေကြခြင်းလည်း ဖြစ်သည်။ နန်စီသည် လန်ဒန်မြို့ မှ သုံးနာရီခန့် ကားဖြင့် သွားရသော တောမြို့ ကလေးမှာ နေပါသည်။ အိမ်တစ်လုံးမှာ တစ်ယောက် တည်း နေခြင်း ဖြစ်ပါသည်။ သူ့မှာ သားသမီး မရှိပါ။

အဘိုးကြီး ကင်ဟာဒီမှာ လည်း အခွန်ဆောင်ပြီး တစ်လလျှင် အသားတင် ၅၄၈-ပေါင် (၉၂၆ ဒေါ်လာ) ခန့် ပင်စင်လစာ ရသဖြင့် ငွေရေး ကြေးရေး အဆင်ပြေပါသည်။ စားဝတ်နေရေး မပူပင်ရပါ။ တစ်ခုပဲ ရှိသည်။ သူတို့ နိုင်ငံ၊ သူတို့လူမျိုး ဓလေ့ထုံးစံအရ သားသမီး၊ ဆွေမျိုး ၊ ညီအကိုများ သည် ခပ်စိမ်းစိမ်းဘာသိဘာသာ နေကြပါသည်။ မစ္စတာဟာဒီတွင် သမီး တစ်ယောက် ရှိရာ ကိုယ့်အဖေ အသက်ရှစ်ဆယ်ကျော် ကိုးဆယ်နီးပါးကြီး တစ်ယောက် တည်း ဘယ်လိုနေမလဲဟု ပူပူပန်ပန်နှင့် လာကြည့်ခြင်း မရှိပါ။ စားဝတ်နေရေး မပူပင်ရသော် လည်း အဘိုးကြီး၊ အဘွားကြီးများ မှာ အထီးကျန်ပြီး မေတ္တာငတ်နေပါသည်။

သူတို့ မလာနိုင်တော့၍ ၂၀၀၆၊ ဩဂုတ်လတွင် ကျွန်တော် သူတို့ရှိရာ အင်္ဂလန်သို့ သွားပါသည်။ လန်ဒန်တွင် ရှိစဉ် အဘိုးကြီး ကင်ဟာဒီအိမ်မှာ ပဲ ကျွန်တော် တည်းပါသည်။ သူ့ကို ကျွန်တော် အဖော်လုပ်ပေးပါသည်။ သူ ပြောသော စကားများ ကို စိတ်မပါသည့်တိုင် သည်းခံ၍ နားထောင်ပါသည်။ သူ့ကို ကူညီပြီး ဈေးဝယ်ပေးပါသည်။ သူနှင့် အတူ နန်စီ ရှိရာမြို့ ကလေးသို့ သွားလည်ကြပါသည်။ မြန်မာပြည်သို့ လာလည်စဉ် သူတို့နှစ် ယောက် မှာ အတူသွား၊ အတူစား၊ ဟိုတယ်မှာ တစ်ခန်းတည်း အတူတည်းကြသော် လည်း အင်္ဂလန်မှာ တစ်ယောက် တစ်မြို့ ကိုယ့်အိမ်နှင့် ကိုယ် နေကြပါသည်။ တစ်နေ့တွင် အဘိုးကြီးနှင့် ဈေးဝယ်လိုက်ပေးရာ သူတို့နိုင်ငံ လူငယ်များ လူကြီးတွေ အပေါ် ဆက်ဆံပုံကို တစ်စွန်းတစ်စ လေ့လာမိပါသည်။

အင်္ဂလန်တွင် အသက်အရွယ်ကြီးသော လူ တစ်ယောက် ဖြစ်ရခြင်းမှာ တစ်ဝက် ကောင်း၍ တစ်ဝက် ဆိုးပေသည်။ ကောင်းကွက်မှာ အစိုးရက အဘက်ဘက်မှ လိုလေသေး မရှိအောင် ပံ့ပိုးပေးထားသဖြင့် ပင်စင်စားအများ စုမှာ မတောင့်မတ မကြောင့် မကြ ကိုယ့်ဝင်ငွေနှင့် ကိုယ် ရပ်တည်နိုင်လေသည်။ အသက် ၆၅ နှစ် ပြည့်ပြီးသော ပင်စင်စား

သက်ကြီးရွယ်အိုများ ကို မြို့ တွင်း ဘတ်စ်ကားနှင့် မြို့ ပတ်ရထား အခမဲ့ စီးနင်းခွင့်ပြု၏ ။ ခရီးဝေးသွားသော အဝေးပြေးကား၊ ရထား စသည်တို့၌ လည်း တစ်ဝက်ကြေးသာပေးရသည်။ ရုပ်ရှင်၊ ပြတိုက်၊ ကဇာတ်ရုံ စသည့် ဝင်ကြေး ပေးရသော နေရာများ သို့ သွားလျှင်လည်း သာမန်လူများ ထက် ဈေးလျှော့ယူသည်။ ဤမျှမကသေး၊ နားလေးလျှင် နားကြားကိရိယာ အခမဲ့၊ မျက်စိမှု န်လျှင် မျက်မှန် အခမဲ့ အစိုးရက ထောက်ပံ့သည်။ ကျန်းမာရေး အတွက်လည်း မပူရ။ သာမန်ဖျားတာ နာတာမှအစ ခွဲစိတ်ကုသမှု အဆုံး ရေရှည်စွဲ သောက်ရမည့် ဆေးကအစ အခမဲ့ ရရှိသည်။

သူတို့ ဝန်ထမ်းဘဝတစ်လျှောက်လုံး အစိုးရသို့ အခွန်အခများ လစဉ်ပေးခဲ့၍ ယခုအခါ အစိုးရက သူတို့ကို ပြန်၍ စောင့်ရှောက်ခြင်း ဖြစ်သည် ဆို၏ ။ မည် သို့ဆိုစေ ပင်စင်စားများ မှာ မည် သူ့ကိုမှ မှီခိုစရာမလိုဘဲ အိမ်နှင့် ကားနှင့် တစ်ကိုယ်တော် နေနိုင်သည်။ သေသည်အထိ စားဝတ်နေရေး ပူစရာ မလိုတော့ပြီ။ လူကြီးများ ကို အစိုးရက စီနီယာစီတဇင် (Senior Citizens) ဟု လေးလေးစားစား ခေါ်၏ ။

ဤကဲ့သို့ အစိုးရဘက်မှ လိုလေသေးမရှိ ထောက်ပံ့ထားသော် လည်း ဆိုးသော အချက်မှာ သူတို့ လူနေမှု စနစ်အရ လူငယ်များ နှင့် လူလတ်ပိုင်း အများ စုသည် သက်ကြီးရွယ်အိုများ ကို လေးစားရကောင်းမှန်း မသိ။ အလကား လူပိုတွေ ဟု သဘောထားလေ့ ရှိသည်။ လူကြီးများ ကို ရိုသေလေးစားစွာ ဆက်ဆံသော မြန်မာ့လူနေမှု စနစ်နှင့် ကား ခြားနားလှသည်။

တစ်နေ့တွင် ကျွန်တော် နှင့် အသက် ၈၉ နှစ် ရှိပြီ ဖြစ်သော ကျွန်တော့် မိတ်ဆွေ မစ္စတာဟာဒီသို့ 'မောရစ်စူပါမားကတ်' သို့ ဈေးဝယ်ထွက်ကြ၏ ။ မစ္စတာဟာဒီမှာ အသက်ကြီးလွန်းသည့်အပြင် ဒူးခေါင်းနှစ် ဖက်လုံး ခွဲစိတ်ကုသမှု ခံယူထားရ၍ လမ်း ကောင်းစွာ မလျှောက်နိုင်သဖြင့် သူ့ကို ဝှီးချဲပေါ် ထိုင်စေကာ ကျွန်တော် က တွန်းလာ၏ ။ စူပါမားကတ်ကြီးမှာ ကြီးမားလှပြီး ငွေသိမ်းကောင်တာ အခု နှစ် ဆယ်ခန့် ရှိကာ လူများ ပျားပန်းခပ် ဝင်ထွက်သွားလာနေကြသည်။

ကုန်တိုက် ဝင်ပေါက်၌ မစ္စတာဟာဒီ ဝှီးချဲပေါ်မှ ထကာ စတီးတုတ်ကောက်ကို

အားပြုလျှောက်လျက် အပေါက်ဝ၌ ရပ်နေသော ဝန်ထမ်းအား -

“အဘ ဈေးဝယ်မလို့၊ ဗိုးချဲလေး ဒီမှာ ထားခဲ့လို့ ရမလား”

ဟု မေးလျှင် -

“ဘာ” ဟု မချေမငံ ပြန်ဖြေ၏ ။

“ငါက အသက်ကြီးလို့ ဗိုးချဲနဲ့ ဈေးဝယ်လာတာ၊ အဲဒါ ဗိုးချဲ ဒီမှာ ထားခဲ့လို့ ရမလားလို့ မေးတာ” ဟု ထပ်ပြောရာ -

“ကျုပ်အလုပ်က လုံခြုံရေး ဝန်ထမ်း။ ခင်ဗျားဗိုးချဲကို အားအားယားယား လိုက်ကြည့်မနေနိုင်ဘူး”

ဟု ရိုင်းပျစွာ ပြောဆိုပါသည်။ အမှန်မှာ ကျွန်တော် တို့က သူ့ကို ဗိုးချဲ ကြည့်ခိုင်းထားခြင်းလည်း မဟုတ်ပေ။ ဤနေရာတွင် ထားခဲ့သည်ကို ခွင့်ပြု၊ မပြုသာ သိလိုရင်း ဖြစ်သည်။

အဘိုးကြီးလည်း ဒေါသ ဖြစ်သွားကာ -

“ပြောမနေနဲ့ ညီညီ၊ ဒီမှာ ဟော့ ငါ ထားခဲ့ပြီ။ ခိုးချင်တဲ့သူ ခိုးပါစေ”

ဟု အော်ပြီး ဗိုးချဲကို ထားခဲ့ပါသည်။ ဈေးဝယ်ပြီး ပြန်လာတော့ ဗိုးချဲမှာ မပျောက်ပါ။ သူတို့ဆီမှာ ဈေးတစ်ခါ ဝယ်လျှင် ၁၅ ရက်စာ၊ တစ်လစာ စသည်ဖြင့် တနင့်တပိုး ဝယ်ပြီး အိမ်၌ ဖရီဇာခေါ် ရေခဲသေတ္တာကြီးထဲသို့ ထည့်၍ သိုလှောင်ထားလေ့ ရှိသဖြင့် အဘိုးကြီး လျှော့လျှော့ပေါ့ပေါ့ ဝယ်လာသော်လည်း ကြွပ်ကြွပ်အိတ်ကြီးနှစ် လုံး အပြည့် မနိုင်မနင်း ဖြစ်နေပါသည်။ ဘီးတပ်ကုလားထိုင်ကို တွန်း၍ အိမ်သို့ ပြန်လာစဉ် ဈေးဝယ်လာသော အိတ်မှာ နှစ် ကြိမ်မျှ ပလက်ဖောင်းပေါ်သို့ ပြုတ်ကျ ကျဲပြန့်ရာ မည် သူမျှ ကူညီသမှု မပြုကြပေ။ အချို့ နေရာများ တွင် ပလက်ဖောင်းနှင့် လမ်းမှာ တစ်မိုက်ခန့် မြင့်၍ အားစိုက် တွန်းပါသော်လည်း ဗိုးချဲမှာ ပလက်ဖောင်းပေါ်သို့ ကြွတက်မလာပါ။ အတင်းဖိတွန်းလိုက်လျှင်လည်း ဗိုးချဲမှော က်သွားမှာ စိုးရိမ်ရပါသည်။ ထိုသို့သော

အခြေအနေတွင် ဖြတ်သွားဖြတ်လာ လူငယ်များ သည် ကိုယ်နှင့် မဆိုင်သလိုပင် ဖြတ်လျှောက်သွားကြပေသည်။ မြန်မာပြည်၌ ဆိုလျှင် အမြင်မတော် ပါက တစ်ယောက် တစ်လက်ဖြင့် ပျော်ပျော်ပါးပါး လုပ်အားပေးသွားကြပေလိမ့်မည် ။ အင်္ဂလန်ကား ကိုယ် ဖြစ် ကိုယ်ခံပါလား၊ ကောင်းကွက် ဆိုးကွက်ကား နေရာတိုင်းမှာ ရှိလျက်ပင်။

ကျွန်တော် အင်္ဂလန်မှာ ရှိစဉ် အဘိုးကြီး ကင်ဟာဒီသည် အသက်ကြီးလွန်းသဖြင့် ကျွန်တော့် ကို အပြင်သို့ လိုက်မပြနိုင်သော် လည်း ကျွန်တော် အိမ်မှ ထွက်ကာ ပြတိုက်၊ ပန်းခြံ စသော နေရာများ သို့ တစ်ယောက် တည်းသွားတော့မည် ဆိုလျှင် ပေါင်မုန့်၊ ကွတ်ကီး၊ ဘီစကွတ် စသော မုန့်ကလေးများ ကို စက္ကူဖြင့် ထုပ်ပေးလိုက်လေ့ရှိသည်။ အဘွားကြီး နန်စီ ရှိရာမြို့ သို့မူ သူကိုယ်တိုင် လိုက်ပို့ပေသည်။ ကျွန်တော် လည်း အခြားမြို့ များ သို့ သွားသင့်သလောက် သွားသော် လည်း အများ အားဖြင့် အဘိုးကြီး အိမ်၌ သာ နေကာ တတ်နိုင်သမျှ သူ့ကို ကူညီခဲ့၊ အဖော်လုပ်ခဲ့ပါသည်။

ကျွန်တော် မြန်မာပြည် ပြန်ရောက်ပြီး ၂ နှစ် ခွဲအကြာတွင် မစ္စတာဟာဒီ၏ မိတ်ဆွေ တစ်ယောက် ထံမှ အီးမေးလ်တစ်စောင် လက်ခံရရှိပါသည်။ စာထဲ၌ သူသည် မစ္စတာဟာဒီ၏ မိတ်ဆွေ တစ်ယောက် ဖြစ်ကြောင်း၊ မစ္စတာဟာဒီရော နန်စီပါ ကျန်းမာရေး ချို့ယွင်းလာကြသဖြင့် သူတို့အိမ်များ ကို ရောင်းချကာ ‘ပင်စင်စားများ စုပေါင်းဂေဟာ’ (ဘိုးဘွားရိပ်သာထက် အနည်းငယ် အဆင့်မြင့်သည်) သို့ ပြောင်းရွှေ့ နေထိုင်လျက် ရှိကြောင်း၊ ထိုသို့ နေထိုင်ရာမှ မစ္စတာဟာဒီသည် လွန်ခဲ့သော လက လူကြီး ရောဂါ ဖြင့် ဆုံးသွားပြီ ဖြစ်ကြောင်း၊ နန်စီမှာ အသက်ရှင်လျက် ရှိသေးသော် လည်း မှတ်ဉာဏ်ချို့ယွင်းသော ရောဂါ ကို ခံစားနေရသဖြင့် မိတ်ဆွေများ ကိုပင် မမှတ်မိတော့ကြောင်း စသည်ဖြင့် ရေး သား ပါရှိလေသည်။

ကျွန်တော် သည် မစ္စတာဟာဒီ မြန်မာပြည်သို့ ငါးခေါက် လာရောက်စဉ်က ပျော်ရွှင်ကြည်နူးခဲ့ပုံများ ၊ ကျွန်တော် အင်္ဂလန် ရောက်စဉ် မုန့်ကလေးများ ကို ထုပ်၍ ပေးလိုက်ပုံများ ကို မြင်ယောင်နေမိသည်။ နန်စီ၏ သွက်လက်ဖျတ်လတ်သော စကားပြောဟန်၊ ရမ်းဗြဲကျွန်း၌ လာရောက် ကြည့်ရှုသော ပရိသတ်များ ကို

အနောက်တိုင်းအကဖြင့် ဖျော်ဖြေပုံများ ကို တွေ့ ရနေမိပါသည်။

တစ်ချိန်တည်းမှာ ပင် မစ္စတာဟာဒီ ပြောခဲ့သော 'လူဆိုတာ ပန်းပင်လေး တစ်ပင်လိုပဲ သေသွားရင် ပြီးသွားပြီ' ဟူသော စကားနှင့် နန်စီ ပြောခဲ့ဖူးသော -

'နောက်ဘဝဆိုတာ ရှိခဲ့ရင် ငါ မြန်မာပြည်မှာ ပဲ လူ ဖြစ်ချင်တယ်' ဆိုသော စကားများ ကို ပဲ့တင်ထပ်မျှ ရင်နာနာနှင့် ကြားယောင်နေမိပါတော့သည်။

Real Life & Real Story မဂ္ဂဇင်း၊ ဩဂုတ် ၂၀၁၁။